
www.burmeseclassic.com

ဘကြည်ဝက်

# ချည်ပြီးတုပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com

စိုးမိုး
စာအုပ်တိုက်
အမှတ်(၁၃)၊ ၁၀၇-လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၀၉၉၅




www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၆၅၃၀၆၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၇၂၃၀၇၁၁ |
| အဖုံးဒီဇိုင်း | - | ကိုဆန်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြ-၀၃၈၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြ-၀၄၉၀၂) စံပယ်အော့ဖ်ဆက် ၆၈၊ စကားဝါလမ်း၊ အင်္ဂုံမြို့နယ်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းဌွေး |
| ပုံနှိပ်ခြင်း | - | ၂၀၁၂ ခုနှစ်၊ မတ်လ။ ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၂၂၀၀ ကျပ် |

၈၉၅ . ၈၃
အကြည်တော်
ချည်ပြီးတုပ်ပြီး ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၂
၁၃၄ - စာ ၊ ၁၃. ၅ × ၂၀. ၅ စင်တီ။
(၁) ချည်ပြီးတုပ်ပြီး

BURMESE CLASSIC .com



ကမ္ဘာပေါ်တွင် ပေါ်ပြီးသမျှ မိန်းမ ပိုးနည်း မြောက်မြားစွာ ရှိပါသည်။

ထိုအများကြီးထဲကမှ အထိရောက်ဆုံး ပိုးနည်းမှာ ချည်ပြီးတုပ်ပြီး ပိုးနည်းပင်။

ဥပမာ

ကိုယ်ကြိုက်နေသူကို တိုက်ရိုက် မချဉ်းကပ်ဘဲ သူ့ကိုပိုင်သော မိ[illegible] များကို တံစိုးလက်ဆောင်များ[illegible]ပေး၍



www.burmeseclassic.com

www.burmeseclassic.com



ကြက်ကလေး၊ ငှက်ကလေးလို ဖမ်းသောနည်း။

နောက် သူ့ကို 'ပိုင်နိုင်ပြောပြီး' သော သူငယ်ချင်းမိတ်ဆွေများကို အပိုင်ပေါင်း၍ ထိုသူ့စကား နားဝင်စေသော အလွယ်နည်း။

သူ့ကို ကြောက်လန့်အောင် ခြိမ်းခြောက်ပြီး ကြောက်စိတ်ကို နင်း၍ ဖွတ်ဝင်လုံးသော အောက်နည်း။

အခြားနည်းပေါင်း မြောက်မြားစွာ ရှိပါသည်။

ရိုးပါသည်။

ဤနည်းများမှာ ယခုခေတ်တွင် ခေတ်မမီတော့ပါ။

တကယ့် ချည်ပြီးတုပ်ပြီး မိန်းမပိုးနည်းတစ်မျိုး အသစ်ပေါ်လာပါသည်။

မိန်းမပိုးရာတွင် ထိုနည်းလောက်ပိုင်သောနည်းမရှိဟု ထင်ပါသည်။

ထိုနည်းကို စတင်တွေ့ရှိသူများမှာ ကျွန်တော်၏ ဇာတ်ကောင်များဖြစ်သော သိန်းဆန်း၊ တင်အောင်၊ မောင်မောင်တို့ပင် ဖြစ်သည်။

ဆက်လက်ရှုစားပါ အဆွေ။

×××





"အေးကွာ တို့လည်း ရေထဲမှာ ချည်းပဲ အနေကြာတော့ မိန်းမကို ဘယ်ကစပိုးရမှန်း မသိတော့ဘူး"

"အင်း နောက်ပြီး အချိန်က လည်း တစ်နှစ်ပဲရတာမို့ ဒီအတွင်းမှာ မိန်းမတစ်ယောက်နဲ့ ရည်းစားဖြစ်ရဖို့ ကို ခက်နေတာပေါ့"

"အဲဒါထက်ကို . . . ကိုယ်ကြိုက်တဲ့ ကောင်မလေးက ရုပ်လည်း ချော



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ ပညာလည်း တတ်ရမယ်၊ အလုပ်လည်းရှိဖို့ လိုသေးတာကိုး”

သင်္ဘောကျ သုံးယောက်ဖြစ်သော သိန်းဆန်း၊ တင်အောင်၊ မောင်မောင်တို့ ကြိတ်တိုင်ပင်နေကြခြင်းဖြစ်သည်။

သူတို့သုံးယောက်သည် ကမ္ဘာလှည့်သင်္ဘောများပေါ်တွင် သင်္ဘောသားဟူသော ဂုဏ်ဒြပ်နှင့် ကမ္ဘာပတ်နေသည်မှာ ဆယ်နှစ်ပင်ကျော်လာပြီမို့ အရွယ်တော်လည်း တဆိတ်ဟိုင်း၍ သုံးဆယ်ကျော် လေးနှစ်ပိုင်းပင် စွန်းနေကြပေပြီ။



ကမ္ဘာလှည့်သင်္ဘောများပေါ်တွင် သင်္ဘောသားဟူသော ဂုဏ်ဒြပ်နှင့် ကမ္ဘာပတ်နေသည်မှာ ဆယ်နှစ်ပင်ကျော်လာပြီမို့ အရွယ်တော်လည်း တဆိတ်ဟိုင်း၍ သုံးဆယ်ကျော် လေးနှစ်ပိုင်းပင် စွန်းနေကြပေပြီ

ရသည့်အချိန်တွင် ရေထဲ၌နေ၍ ငွေကို ကုန်းရှန်းရှာခဲ့ပြီး ယခု တော့တင်းလာချိန် သင်္ဘောသားဘဝမှ တစ်နှစ်တိတိနား၍ ချစ်သူ ရည်းစားရှာရန် ပြိုင်တူအကြံရလာခြင်းဖြစ်သည်။

အကြံရသော်လည်း အသက်တော်နှစ်ဆယ်ကျော်မှစ ရေထဲမှာပင် ကျင်လည်နေရ၍ ကုန်းပေါ်ပြန်တက်ရလည်း ခဏမို့ ထိုအတွေ့အကြုံမှာ သူတို့အတွက်တော့ အလွန်စိမ်းလွန်းနေသည်။

နောက်ပြီး ကောင်မလေးများနောက်သို့ တကောက်ကောက် လိုက်၍





ပိုးပန်းရမှာလည်း အလွန်ပျင်းကြပါသည်။ ဖြစ်နိုင်လျှင် ခြင်ထောင်ထဲမှပင်စောင့်ပြီး ထောင်ဖမ်းချင်သော လူစားမျိုး။ (ကျွန်တော့်လိုပေါ့)

ကိုယ်က ကောင်းမိကောင်းလျက် လိုက်မိပါရဲ့၊ သူ့မှာ ရည်းစား ရှိနေလျှင် မည်သို့တတ်နိုင်မည်နည်း။

ထို့ကြောင့် အလှမပျက် ချွေးမထွက်တဲ့ တည်တည်ခန့်ခန့် လူကြီးပိုး ပိုးနိုင်မည့်နည်းကို ကြံစည်နေခြင်းဖြစ်၏။

“ဂျာနယ်တွေ မဂ္ဂဇင်းတွေမှာ ချစ်သူအလိုရှိသည်ဆိုပြီး ကြော်ငြာရင်ရော”

တင်အောင်က ဝင်ထောင်သည်။

“ဟာကွာ ကြောင်တောင်တောင်နဲ့ တစ်နိုင်ငံလုံးသိပြီး ငပေါကြီးဆိုပြီး အပြောခံနေရဦးမယ်”

သိန်းဆန်းက ထောက်ပြသည်။ မောင်မောင်က

“ပွဲစားတွေနဲ့ လက်သိပ်ထိုးရှာရင်ရော”

အားလုံးငြိမ်သွားသည်။ ထိုနည်းက အနည်းငယ် ဖြစ်နိုင်သည်။ နောက်မှ တင်အောင်က

“အဲဒါတော့ နီးစပ်တယ်၊ အဲ ဒါပေမယ့် ပွဲစားတွေက ပြတာဆိုတော့ အဲဒီမိန်းကလေးတွေဟာ အပြစ်အနာအဆာတော့ ရှိမှာပဲ၊ ဒါမှမဟုတ် အိမ်ထောင် မပြုမဖြစ် ပြုမှကိုဖြစ်မယ့် အနေအထားမျိုးပဲဖြစ်လိမ့်မယ်၊ ဟုတ်ဘူးလား၊ ဒါဆို ဘယ်လိုကောင်းနိုင်ပါ့မလဲ”

“တစ်ရာမှာ တစ်ယောက်ပေါ့”

တင်အောင့်စကားကို သိန်းဆန်းက ထောက်ခံသည်။

“ဒါဆို ဘယ်လိုလုပ်ရမလဲ”



www.burmeseclassic.com

အားလုံး ပြန်ငြိမ်ကုန်၏။ သူတို့ ခမျာ ရေထဲမှာ ငါးဖမ်း၊ ဖားဖမ်း၊ ကုန်တင်ကုန်ချ၊ သံချေးခေါက်၊ ဆေးသုတ်၊ ထမင်းချက် စသည်လောက်သာ လုပ်တတ်ပြီး မနုဿမိန်းမပိုးနည်းကိုတော့ ဘယ်က ဘယ်လို အစဆွဲထုတ်ရမှန်း မသိတော့။

"ကုမ္ပဏီထောင်မယ်"

သိန်းဆန်း၏ မဆီမဆိုင်စကားကြောင့် ကျန်နှစ်ယောက် အံ့အားသင့်သွားသည်။ နောက်မှ မောင်မောင်က

"ဟာကွာ မင်းကလည်း မိန်းမတစ်ယောက်ရအောင် ဘယ်လိုပိုးရမလဲဆိုတာ ကြံစည်နေပါတယ်ဆိုမှ ကုမ္ပဏီက ဘာလို့ထောင်ရမှာလဲ"

"အေးလေကွာ၊ မိန်းမပိုးနည်းကိုသာ အဓိကထားစဉ်းစားပါ"

တင့်အောင်က ထောက်ခံသည်။ ဒါကို သိန်းဆန်းက အားတက်သရောဖြင့်

"ဟကောင်တွေရ ငါလည်း အဲဒါကိုပဲ ပြောနေတာ"

နှစ်ယောက်လုံး မျက်မှောင်



မင်းကလည်း
မိန်းမတစ်ယောက်
ရအောင်
ဘယ်လိုပိုး
ရမလဲဆိုတာ
ကြံစည်နေပါတယ်
ဆိုမှ





ကြုတ်သွား၏။

"ဘာဆိုင်လဲကွ၊ ကုမ္ပဏီထောင်တာနဲ့ မိန်းမပိုးတာ"

"အေးလေကွာ အဝေးကြီးမှ အဝေးကြီး၊ အလုပ်မလုပ်ချင်လို့ နားနေပါတယ်ဆိုမှ"

သူတို့စကားကို သိန်းဆန်းက စိတ်ပါလက်ပါနှင့်

"မင်းတို့ကလည်း ဝေးလိုက်တာကွာ၊ ငါဆိုလိုတာ ဒီလိုကွ"

"ဆိုပါဦး"

"ဟုတ်ရင်ဟုတ်ပေါ့ကွာ"

"ဟုတ်ကိုဟုတ်တယ်ကွ၊ ဒီလိုကွာ"

"အင်း"

"ငါတို့ သုံးယောက်ပေါင်းပြီး ကုမ္ပဏီထောင်လိုက်မယ်"

"ပြီးရင်"

"ပြီးရင် အလုပ်သမားတွေ၊ ကုမ္ပဏီဝန်ထမ်းတွေ ခေါ်လိုက်မယ် အိုကွာ ရှင်းရှင်းပြောရရင် ကုမ္ပဏီဝန်ထမ်းတွေကို မိန်းကလေးတွေချည်း ခေါ်လိုက်မယ်"

"ခေါ်လိုက်ရင်"

"အဲဒီမှာ ချည်ပြီးတုပ်ပြီး ပိုးနေရုံရှိတော့တာပေါ့။ ကိုယ်က ကုမ္ပဏီပိုင်ရှင်လေ"

"ဟယ်"

သိန်းဆန်းအကြံကို နှစ်ယောက်လုံး အံ့အားသင့်သွားသည်။ မှန်ပေသည်။ ဤနည်းက အလှမပျက် ချွေးမထွက်ဘဲ ချည်ပြီးတုပ်ပြီး ပိုးနည်းပင်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ပဲ စဉ်းစားကြည့်လေ၊ ကိုယ်က ကုမ္ပဏီပိုင်ရှင်ဆိုတော့ ကိုယ့်အလုပ်သမားကို အပေါ်စီးက ပိုးနေရုံပဲ မဟုတ်လား"

အားလုံး၏မျက်လုံးများ အရောင်လက်သွား၏။ နောက် မောင်တင်အောင်က

"ဟုတ်တယ်၊ ကုမ္ပဏီဆိုပြီး မိန်းကလေးတွေ ခေါ်လိုက်မယ်၊ ပြီးရင် ရှိရှိသမျှထဲကမှ ခေါင်ထည်လေးတွေကို အလွယ်တကူ ကောက်စွပ် အဟွတ်"

တင်အောင် ပြောချင်အားကြီးပြီး ချောင်းပင် သီးသွား၏။ မောင်မောင်ကလည်း အကောင်ပြုရုံနှင့် အရိပ်ပါမြင်ကာ

"မှန်ပါ့ကွာ၊ ကောင်မလေး ချောချောလေးတွေချည်း အလုပ်ဆွဲခန့်ပြီး အဲယားကွန်းခန်းထဲမှာတင် အလှမပျက် ချွေးမထွက်ဘဲ ဟီဟိ ဟီဟိလို့ ရှိပြီပေါ့"

အကြံကောင်းအတွက် အပျော်တွေ လွှန်နေကြသည်။

"ဒါနဲ့ နေပါဦး၊ ကိုယ်အလုပ်ခန့်တဲ့ ကောင်မလေးတွေ ရုပ်ချောတာ



ဟုတ်တယ်
ကုမ္ပဏီဆိုပြီး
မိန်းကလေးတွေ
ခေါ်လိုက်မယ်၊
ပြီးရင်
ရှိရှိသမျှထဲကမှ
ခေါင်ထည်လေး
တွေကို





ပညာတတ်တာတော့ မှန်ပါရဲ့၊ အိမ်ထောင်ရှိတာတို့ ရည်းစားရှိနေတာတို့ဆို ဘယ်လိုလုပ်မလဲ"

တင်အောင်က ချင့်ချင့်ချိန်ချိန် ပြောသည်။ ဒါကို ရည်းစားရတော့မည့်အရေးကို အားတက်နေသော သိန်းဆန်းက

"အိုကွာ အလုပ်စခေါ်ကတည်းက အိမ်ထောင်ရှိသူ မဖြစ်ရ၊ ရည်းစားရှိသူ မခန့်ပါဆိုပြီး ထည့်ကြော်ငြာမှာပေါ့"

သူ့စကားကို မောင်မောင်က ခေါင်းကုတ်ပြီး

"အဲ အဲဒါဆို ငါတို့ကို နှာဘူးအစစ်တွေမှန်း သိကုန်မှာပေါ့"

ဒါကို တင်အောင်က

"မဟုတ်လို့လား ငယ်ဖြူနှာဘူး မွေးရာပါနှာဘူးရဲ့၊ အမိဝမ်းထဲက မကျွတ်ခင်ကတည်းက သူနာပြုဆရာမ သွားလေရာ လက်ညှိုးလိုက်ထိုးနေတဲ့ကောင်ကများ"

"မင်းကရော ဘာထူးလို့လဲ၊ အမိဝမ်းထဲက ကျွတ်ကတည်းက အဝွဲအော်ရမယ့်ဟာကို အိန္ဒြာကျော်ဇင်ဆိုပြီး အော်လာတဲ့ကောင်"

"တော်ကြပါတော့ကွာ၊ အမှန်တော့ မင်းတို့နှစ်ယောက်လုံးကို မွေးကတည်းက ချက်ကြိုးနဲ့ အတူကို မှားဖြတ်လိုက်ရင် ကိစ္စပြတ်ပြီ"

"ဘယ်အတူလဲကွ"

"လက်ညှိုး"

"အေး အဲလိုရှင်းရှင်းပြော"

"ပြောသာပြောရတာ မင်းရော ဘာထူးလို့လဲ"

အားလုံးအပျော်တွေ ကူးစက်ရောဂါလို ပျံ့နှံ့နေသည်။

"အဲ ဒါနဲ့နေပါဦး၊ ငါတို့အဲလိုအလုပ်သမားတွေခေါ်ပြီးပြီတော့



www.burmeseclassic.com

သူတို့သိသွားပြီး အလုပ်ထွက်သွားရင် ဘယ့်နှယ်လုပ်မလဲ"

မောင်မောင်က ချင့်ချင့်ချိန်ချိန် ပြောသည်။ ဒါကို တင်အောင်က

"ဒါလည်း ချည်ပြီးတုပ်ပြီး လုပ်ရမှာပဲ"

"ဘယ်လိုလဲ"

"ဥပမာကွာ ခြောက်လအတွင်း မည်သည့်အကြောင်းနဲ့မှ အလုပ်မထွက်ရ၊ အလုပ်ထွက်ပါက လစာအပြင် ခြောက်လစာ ပြန်လျော်ရမည် ဆိုတာမျိုး"

သိန်းဆန်း မျက်မှောင်ကြုတ်သွားသည်။

"မင်းဟာ မကြမ်းလွန်းဘူးလား"


"လိုချင်တာရဖို့ ကြမ်းရမှာပဲ"

အားလုံး ခေါင်းညိတ်ကြသည်။ အားလုံး ရည်ရွယ်ချက်ကလည်း ဒါပဲကို။

"ကဲ ဒါဖြင့် ကုမ္ပဏီနာမည်က"

"စမူဆာကို ဘယ်လိုခေါ်လဲ ဟင်"

သိန်းဆန်းအမေးကြောင့် အားလုံး



ဒါနဲ့နေပါဦး၊ ငါတို့ အဲလို အလုပ်သမားတွေ ခေါ်ပြီးပိုးတော့ သူတို့သိသွားပြီး အလုပ်ထွက်သွားရင် ဘယ့်နှယ်လုပ်မလဲ





ကြောင်သွားသည်။ နောက်မှ

"အာ စမူဆာဆိုမှ ဘယ်လိုခေါ်ရမှာလဲ၊ စမူဆာပေါ့"

"မဟုတ်သေးဘူးလေကွာ၊ ဟို"

သိန်းဆန်း ခေါင်းကုတ်သည်။

"ဩော် သိပြီ သိပြီ၊ တြိဂံလေကွာ၊ တို့က သုံးယောက်ဆိုတော့ တြိဂံပေါ့ ဟုတ်ဘူးလား"

"အစကတည်းက ရှင်းအောင်မပြောဘူး၊ စမူဆာတွေ ဘာတွေနဲ့ဆိုတော့ အစီပွာယ်က တစ်မျိုးကြီး"

"ကဲ ဒါဆိုလည်း ကုမ္ပဏီအတွက် အမြန်ဆုံး အကောင်အထည်ဖော်ရအောင်"

×××



www.burmeseclassic.com

www.burmeseclassic.com



သိပ်မကြာခင် သတင်းစာတွင် ကြေညာချက်တစ်စောင် ထွက်ပေါ်လာသည်။

xxx





'ဆန်းတင်မောင်ဘြိဂ်ကုမ္ပဏီ'

ကုမ္ပဏီဝန်ထမ်း အလိုရှိသည်။

၁။ မိန်းမ ဖြစ်ရမည်။

၂။ ရုပ်ချောရမည်။

၃။ ပညာ တအားကြီး တတ်စရာမလိုပါ။

၄။ အိမ်ထောင်ရှိသူ၊ ချစ်သူရည်းစားရှိသူ မဖြစ်ရ။

၅။ အလုပ်ခန့်သည့်နေ့မှစ၍ (၆) လအတွင်း အလုပ်မထွက်ရ။ (လျော်ကြေး သုံးဆ)

၆။ ကုမ္ပဏီပိုင်ရှင်များကို အလိုလိုက်ရမည်။

၇။ ဓာတ်ပုံပို့ရန် မလို။ လူကိုယ်တိုင် လာရောက်လျှောက်ထားရမည်။

၈။ ကုမ္ပဏီပိုင်ရှင်များက ကြိုက်လျှင် ချက်ချင်း ရာထူးတိုးပေးမည်။

၉။ အငြိုငြင်ခံနိုင်သူဖြစ်ရမည်။

၁၀။ အသက် (၃၀) မကျော်ရ။

ထိုစည်းကမ်းချက်များနှင့် ကိုက်ညီသူများကို အလုပ်ခန့်ရန် အသင့်။

xxx



www.burmeseclassic.com

www.burmeseclassic.com



'ဆန်းတင်မောင်တြိဂံကုမ္ပဏီ'

ဆိုင်းဘုတ်ကြီးက အကြီးကြီး ခင်ဗျ။

"နေဦး၊ ဒီဆိုင်းဘုတ်ကြီး ဘယ်နေရာထားရမှာလဲ"

မြေပြင်ပေါ် ဆန့်ဆန့်ကြီး လဲလျောင်းနေသော ဆိုင်းဘုတ်ကို လက်ညှိုးညွှန်၍ မောင်မောင်က မေးသည်။

"ကုမ္ပဏီဆိုင်းဘုတ်ပဲကွာ၊ အပေါ်





မှာ ချိတ်ရမှာပေါ့"

သိန်းဆန်းက ဝင်ထောက်သည်။ ဒါကို တင်အောင်က

"တို့က ကုမ္ပဏီအသစ်လေကွာ၊ ဆိုင်းဘုတ်ကြီး အပေါ်တင်ထားရင် အလုပ်လျှောက်တဲ့သူ မမြင်ရင် ဘယ်လိုလုပ်မှာလဲ၊ လူတိုင်းက လမ်းလျှောက်ရင် ခေါင်းငုံ့လျှောက်ကြတာ"

မောင်မောင် ခေါင်းကုတ်သည်။

"အဲဒါလည်း ဟုတ်တာပဲကွ၊ တော်ကြာ ကုမ္ပဏီကို ရှာမတွေ့လို့ဆိုပြီး အချောအလှတစ်ယောက် လွတ်သွားရင် တစ်ယောက် နစ်နာတယ်နော်"

မောင်မောင်က နှာဘူးစိတ်နှင့် ယှဉ်ပြသည်။

"ဒီလိုလုပ်ကွာ ဖြတ်သွားဖြတ်လာအားလုံး ထင်သာမြင်သာရှိအောင် ကုမ္ပဏီခြေရင်းမှာပဲ ထောင်ထားလိုက်မယ်၊ ခလုတ်တိုက်ရင်တောင် ဘာလဲဟဆိုပြီး ပြန်ကြည့်ရအောင်"

"အေး အဲဒါကောင်းတယ်"

ဆိုကာ ကုမ္ပဏီဆိုင်းဘုတ်ကို ခလုတ်မတိုက်တိုက်မိအောင် လမ်းမအလယ် ကန့်လန့်ထောင်သည်။

"ကဲ ပြီးပြီ အထဲမှာလည်း ကွန်ပြူတာ ဆယ့်ငါးလုံး၊ အားလုံး ဆယ့်ငါးယောက် ဟီဟိ"

သိန်းဆန်းက ပျော်နေသည်။ တင်အောင်ဝင်၍

"ဟော့ကောင် တစ်ယောက်ကို ကောင်မလေး ငါးယောက်နော်"

"ငါ့စိတ်ထင် နည်းသလားလို့"

မောင်မောင်က ဝင်ထောက်သည်။ ဒါကို တင်အောင်မှပင်



www.burmeseclassic.com

"ဟ နည်းမလားကွ၊ တစ်ယောက်ကို ငါးယောက်နှုန်း၊ ဒါကို နေ့စဉ် ရိုတိတ်လှည့်မှာလေ၊ ဆယ့်ငါးယောက်လုံး နေ့စဉ်လှည့်ပိုးရမှာ၊ အားမယ်တောင် မထင်ဘူး၊ ဒီကြားထဲ လခက တစ်ယောက်ငါးသောင်းနဲ့ဆို တစ်လကို ခုနစ်သိန်းခွဲ"

တင်အောင့်စကားကို သိန်းဆန်းက ဝင်၍

"ဟာ မင်းကလည်း ခုနစ်သိန်းခွဲဆိုတာ တို့သုံးယောက် တစ်ယောက်မှ နှစ်သိန်းခွဲစီ ကျမှာပါကွာ ပါးပါးလေးပါ၊ ကုမ္ပဏီမဖွင့်ဘဲ အပြင်မှာသာ လွတ်လွတ်လပ်လုပ်ပိုးရင် ကောင်မလေး ရှော့ပင်တစ်ခါထွက်တာနဲ့ ကုန်ပြီ၊ ကဲ ငါတို့လုပ်တဲ့အလုပ်က တွက်ခြေမကိုက်ဘူးလား"

မှန်ပေသည်။ အပြင်မှာသာ ကောင်မလေးတစ်ယောက်ကို အသေအချာပိုးလျှင် ကောင်မလေး ရှော့ပင်ထွက် မုန့်စားရုံနှင့် နာရီပိုင်းအတွင်း ငွေငါးသောင်းလောက် ကုန်နိုင်သည်။ ယခုက တစ်လလုံး စိတ်ချလက်ချပိုးမှ နှစ်သိန်းငါးသောင်းကို။ ဤအလုပ်က



ဒါကို နေ့စဉ် ရိုတိတ်လှည့်မှာလေ၊ ဆယ့်ငါးယောက်လုံး နေ့စဉ်လှည့်ပိုးရမှာ၊ အားမယ်တောင် မထင်ဘူး၊ ဒီကြားထဲ လခက တစ်ယောက် ငါးသောင်းနဲ့ဆို





မကိုက်လား။

"ကဲ မနက်ဖြန်လည်း အင်တာဗျူးရှိုးမှာမို့ ဒီနေ့နားကြစို့"

"အေး မနက်ဖြန် အင်တာဗျူးမှာ တစ်ယောက်ကို ငါးယောက်စီ ရွေးကြေးနော်"

"စိတ်ချ ခေါင်ထည်လေးတွေ ဖြစ်စေရမယ် ဟီ ဟီ"

သူတို့အတွေးနှင့်သူတို့ အူမြူးနေကြသည်။

×××



www.burmeseclassic.com

www.burmeseclassic.com



"နာမည် ဘယ်လိုခေါ်လဲ"

"ပပဝင်းပါ"

"ရွေးလိုက်ပြီ"

"ရှင်"

နှာဘူးများ အင်တာဗျူးလုပ်တော့ မိန်းမလှလေးများ အလုပ်ရလွယ်လိုက်တာ။

ပညာအရည်အချင်း မကြည့်။ လုပ်သက် မကြည့်။ ရုပ်လှလျှင် အလုပ်





ရပြီ။ အဲဒါမှ အင်တာဘူး အဲလေ အင်တာဗျူး။

"ဩော် အလုပ်ရပြီလို့ ပြောတာပါ အဟဲ ဟီး ဟီး"

မောင်မောင်တစ်ယောက် ပါးစပ်ပင် စေ့၍မရ ဖြစ်နေသည်။ မိန်းမလှလေးများနှင့် နဖူးတွေ့ဒူးတွေ့မြင်ဖူးပြီကို။

"ဟိုလေ ကျွန်မရဲ့ ဒီပလိုမာကဒ်တွေ"

"အို အို အလုပ်ခန့်လိုက်ပါပြီဆို ဘာဒီပလိုမာမှ မလိုတော့ပါဘူး ဟဲ ဟဲ၊ အမိကတွေက ကောင်းနေပြီ ဟဲ ဟဲ"

သူတို့ဖြစ်ပုံကို ကြည့်၍ ကောင်မလေး မသက်သာဖြစ်လာပုံရ၏။ ရှိုးတိုးရှန့်တန့်နှင့်

"ဟို ဟို ဒါဆိုလည်း ကျွန်မ တခြားအလုပ်"

"ဘာလဲ လခနည်းလို့လား၊ လုပ်ရည်ကိုင်ရည်ပေါ် ကြည့်ပြီး တိုးပေးသွားမှာပါ။ အခုလောလောဆယ်လိုလည်း ခြောက်လစာ ကြိုထုတ်သွား ဟဲဟဲ ဟီးဟီး"

မောင်မောင်တို့ ပါးစပ်ပင် ပိတ်မရလောက်အောင် ဖြစ်နေသည်။ ဒါကို ဘေးက သိန်းဆန်းနှင့် တင်အောင်တို့က

"ဟေ့ကောင် သတိလည်းထားဦး၊ မင်းပုံက သိသာလွန်းနေပြီ၊ တော်ကြာ ကောင်မလေး လန့်ပြီး ထွက်ပြေးသွားဦးမယ်"

တီးတိုးကပ်ပြောသည်။ ဒါကိုပင် မျက်နှာက ဘယ်လိုမှ ပြန်တည် ၍မရ။ ဒါကို ရိပ်မိသော ကောင်မလေးက

"ဒါ ဒါဆို ခွင့်ပြုဦးနော်၊ ဒါနဲ့ အလုပ်က ဘယ်တော့စဆင်း"

"ခုဆင်းချင် ခုရပြီ"

"ဟမ်"



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေရိပ်မိသော တင်အောင်က ဝင်၍

“ဩော် ဟိုလေ မနက်ဖြန် မနက်ဖြန် စဆင်းလို့ရပါပြီ”

“ဩော် ဟုတ် ဟုတ်ကဲ့”

ဆိုပြီး ထသွားတာတောင် မောင်မောင်က မလျှော့။

“ညီမလေး ညီမလေး ခြောက်လစာ ယူသွားဦးလေ၊ မသေချာမှာစိုးလို့ ဟီဟိ”

သူ့စကားလည်းကြားရော ကောင်မလေးက

“မယူပါဘူး မယူပါဘူး၊ သွားပြီနော် သွားပြီ၊ အမလေး ကြောက်စရာကြီး”

ဆိုကာ ပြေးထွက်သွားလေသည်။ ထိုတော့မှ သိန်းဆန်းနှင့် တင်အောင်တို့က သက်ပြင်းချပြီး

“ဟူး မောင်မောင်ရာ မင်းဟာ သိသာလွန်းပါတယ်ကွာ၊ အေးအေး စိတ်လျှော့ပြီး လုပ်စမ်းပါ”

ဆိုတော့ မောင်မောင်က

“ဟီး အေးကွာ၊ ငါ့မှာ မိန်းမလှ





ညီမလေး ညီမလေး ခြောက်လစာ ယူသွားဦးလေ၊ မသေချာမှာစိုးလို့ ဟီဟိ
သူ့စကားလည်း ကြားရော ကောင်မလေးက



လေး ကို အနီးကပ်မြင်လိုက်ရတော့ ရင်တွေခုန်ပြီး ကပျန်ကယင်ဖြစ် အဟစ်”

အခုချိန်ထိ တက်မလိုက်ဖြစ်သေး။ တင်အောင်မှပင် ဝင်၍

“ကဲ တစ်ယောက်တော့ ထားပါတော့၊ နောက်တစ်ယောက်သာ သတိထားပြီး စစ်ကြတာပေါ့၊ တော်ကြာ တို့အကြံတွေ သူတို့သိပြီး နာမည်ပျက်နေဦးမယ်၊ ကဲ နောက်တစ်ယောက်ခေါ်ကွာ”

“နောက်တစ်ယောက်”

သိန်းဆန်းအော်သံ။ ကောင်မလေးတစ်ယောက် ဝင်လာသည်။

“နာမည်”

“သဥ္ဇာ”

“မခန့်ဘူး”

“ဟမ်”

ခုနက မောင်မောင်ကို တစ်ချိန်လုံး ဖျောင်းဖျနေသော တင်အောင်ဆီက ထွက်လာသော အသံကြီးကြောင့် အားလုံး အံ့အားသင့်သွားရပြန်သည်။

ပြန်ကြည့်လိုက်တော့ မျက်နှာကြီး စူပုပ်ပြီး ငြိမ်နေသည်။ တင်အောင်ကို ကြည့်ပြီး အားလုံးဘာပြန်ပြောရမှန်း မသိ။ နောက်မှ အလုပ်လာလျှောက်သော ကောင်မလေးက

“မဟုတ်သေးဘူးလေ၊ ကျွန်မက စီးပွားရေးနဲ့ပတ်သက်တဲ့ ဒီပလိုမာ သုံးခု”

“မခန့်ဘူး”

“LCCI မှာလည်း နိုင်ငံတကာ Level 4”



www.burmeseclassic.com

www.burmeseclassic.com



"မခန့်ဘူး"

"တခြားကုမ္ပဏီမှာလည်း စာရင်းကိုင် ငါးနှစ်"

"မခန့်ဘူး"

တစ်လုံးတည်း မြန်မြန်ကြီး ပြောနေသော တင်အောင့်စကားကြောင့် ကောင်မလေး မျက်မှောင်ကြုတ်သွားသည်။ နောက်မှ ဇဝေဇဝါနှင့်

"ဘာဖြစ်လို့လဲ"

"ရုပ်ဆိုးလို့"

"ရှင်"

ကောင်မလေးခမျာ ကြက်သေပင် သေသွားရ၏။

ပညာအရည်အချင်း မကြည့်ဘဲ ရုပ်ဆိုးလို့ အလုပ်မခန့် သော ကုမ္ပဏီ ဒီတစ်ခုသာ ရှိပေမည်။

အတန်ကြာ စဉ်းစားပြီးမှ ကောင်မလေးတုန်တက်သွားပြီး

"ဘာ ရုပ်ဆိုးလို့ အလုပ်မခန့်ဘူးဟုတ်လား"

"အရှင်းဆုံးပြောရရင် ဗိုက်ပူပြီး ဖင်ကောက်လို့ ဒါမျိုး တို့မကြိုက်"



ကောင်မလေးခမျာ ကြက်သေပင် သေသွားရ၏။
ပညာအရည်အချင်း မကြည့်ဘဲ ရုပ်ဆိုးလို့ အလုပ်မခန့်သော ကုမ္ပဏီ ဒီတစ်ခုသာ ရှိပေမည်။





တင်အောင့်စကားကြောင့် ကောင်မလေး ဆတ်ဆတ်ခါ နာသွားပြီး အသံကျယ်ကျယ်နှင့်

"ဟင် ကြားကြရဲ့လား အရပ်ကတို့ရေ ကျွန်မကို အလုပ်မခန့်တာ ဗိုက်ပူပြီး ဖင်ကောက်လို့တဲ့ တော်ရေ၊ ကုမ္ပဏီထောင်ပြီး ပညာအရည်အချင်း လုပ်ငန်းကျွမ်းကျင်မှုကို မကြည့်ဘဲ ဗိုက်နဲ့ဖင်ကို ကြည့်ပြီး အလုပ်မခန့်တာတဲ့ တော်ရေ၊ လူကြားလို့မှ မသင့်တော်တယ်၊ အမလေး ဒီလိုကုမ္ပဏီမျိုး သုံးလခံရင်တောင် ကံကောင်း၊ အလုပ်လုပ်ဖို့ ထောင်တဲ့ ကုမ္ပဏီမဟုတ်ဘူး၊ နှာဘူးထဖို့ ထောင်တဲ့ ကုမ္ပဏီ၊ နှာဘူးကုမ္ပဏီ နှာဘူးကုမ္ပဏီ"

သူ့စကားကို တင်အောင်က မလျှော့သော ဇွဲလုံ့လဖြင့်

"နှာဘူး အရှင်လတ်လတ် မြင်ပြီဟုတ်"

"မြင်ပြီ မြင်ပြီ တော်ရေ၊ ဟောဒီမှာ ကုမ္ပဏီပိုင်ရှင် နှာဘူးသုံး ယောက် အရှင်လတ်လတ်ကြီးပါတော်"

"အေး မြင်ရင်ပြန်၊ မခန့်ဘူး"

"ပြန်မှာပါ ပြန်မှာပါ၊ ဒီလိုကုမ္ပဏီမှာ အလုပ်လုပ်မယ့်အစား ထမင်းကြမ်းခဲ ယပ်ခပ်စားမယ် ဒါပဲ"

သူမနှင့်အတူ အပျိုတစ်သိုက် ပြိုက်ခနဲ ပျောက်သွားလေ၏၊

သို့သော် သူတို့ကသာ မလျှော့သော ဇွဲလုံ့လဖြင့်

"နောက်တစ်ယောက်"

တစ်ယောက်ဝင်လာသည်။ မောင်မောင်ကမေးသည်။

"နာမည်ဘယ်လိုခေါ်လဲ"

"မခန့်ဘူး"



www.burmeseclassic.com

"ရှင်"

နာမည်ပင် မပြောရသေးခင် ထအော်သော တင်အောင့်အသံက စီးမိုးနေသည်။

ဒါကို တစ်ယောက်မှ မရွေးရသေးသော သိန်းဆန်းက

"ငါခန့်တယ်ကွာ၊ ညီမလေး နာမည်ပြော"

"ညိုမြ"

"ခန့်လိုက်ပြီ၊ ကိုကြီးနားမှာပဲ နေနော် ဟီးဟီး"

သူ့မျက်နှာရှုံ့ကြီးကိုကြည့်၍ တင်အောင်က

"ဟော့ကောင် မင်း ဘာကြည့်ပြီး ခန့်တာလဲ၊ အသားလည်းမဲ၊ ခန္ဓာကိုယ်ကလည်း ပိန်ကိုင်းကိုင်းနဲ့"

"ဟို ဟိုလေ ကျွန်မ ဒီပလိုမာ"

"ဒီမှာဟော့ကောင်၊ တစ်ယောက်ကိုတစ်ယောက် အကြိုက်တူတာ မဟုတ်ဘူးကွ၊ ဒါက ငါ့အကြိုက်ပုံစံလေး"

"ကျွန်မရဲ့ ဆာတီဖိကိတ်"

"ဟော့ကောင် မင်းအဲဒီလို လုပ်ရင် ရိုတိတ်လှည့်တဲ့အခါ ငါ တစ်ယောက်



"ဒါကတော့ မင်းကံနဲ့မင်းပဲ၊ ငါ့လိုမျိုး မိန်းမမှန်ရင်ကြိုက်တတ်တဲ့ စိတ်ရှိရင် ဘာပြဿနာမှ မရှိဘူး"





နာတယ်ကွ"

"ဒါကတော့ မင်းကံနဲ့မင်းပဲ၊ ငါ့လိုမျိုး မိန်းမမှန်ရင်ကြိုက်တတ်တဲ့စိတ်ရှိရင် ဘာပြဿနာမှမရှိဘူး"

"မင်းရှေ့မှာဆို ငါ့လက်မလေးဖွက်ထားမယ်နော်"

"ဖွက်ထား၊ ငါအသည်းယားရင် မလွှယ်ဘူး"

အရေးထဲ နှစ်ယောက်သား ကပ်၍စကားများနေသေး၏။ နောက်မှ သိန်းဆန်းက ကောင်မလေးဖက်လှည့်၍ မျက်နှာဖြုန်ငိုင်၊

"ဘာမှမပူနဲ့ ခန့်လိုက်ပြီနော် ညီမလေး၊ ဟီးဟီး"

သူ့စကားကို တင်အောင်က

"မခန့်ပါဘူးဆိုနေမှကွာ၊ ဟော့ကောင်မလေး ပြန်တော့"

"ပြန်နဲ့၊ ပြန်နဲ့၊ သူမခန့်လည်း တို့ခန့်တယ်၊ ခြောက်လစာကြိုထုတ်သွား ဒါပဲ"

"အောင်မာ ယူရဲယူကြည့်ပါလား၊ ငါ့ပိုက်ဆံလည်းပါတယ်၊ တရားစွဲလို့ ထောင်ဒဏ်သက်စေ့ကျသွားမယ်"

"ဒါဖြင့်လည်း လခကို ကိုကြီးပဲ စိုက်ပေးတော့မယ်"

"စိုက်ပေးလည်း လက်မခံဘူး"

"ဘာလို့လဲ"

"လေကောင်းလေသန့်မရလို့"

သူတို့နှစ်ယောက်ကိုကြည့်ပြီး ကောင်မလေးစိတ်ညစ်လာသည်။ ထို့ကြောင့်

"ကဲ တော်ကြပါတော့ ယယ်ဖြူနှာဘူးများအဖွဲ့ရယ်"

ကောင်မလေးကို ပြန်ကြည့်ကြသည်။ ကောင်မလေးက ခါး



www.burmeseclassic.com

ထောက်၍

"အခု ကျွန်မကို အလုပ်ခန့်မှာလား၊ မခန့်ဘူးလားပြော"

"ခန့်တယ်၊ ဟစ်"

"ခန့်ဘူး၊ ဟူး"

နှစ်ယောက်က ဘယ်လိုမှညှိမရ။ ကောင်မလေးကသာ တင်းသွားပြီး၊

"ကဲ ရှင်တို့ဘာသာရှင်တို့ အရင်ညှိကြ၊ ပြီးရင် ကျွန်မကို အဖြေ လာပြော၊ ကျွန်မအပြင်မှာ စောင့်နေမယ်၊ ဒါပဲ"

ဆိုကာ လှည့်ထွက်သွားသည်။

ဒါကို သိန်းဆန်းက မျက်နှာရှုံကြီး တမနှင့်၊

"အဖြေယူသွား၊ ခန့်တယ်၊ ခန့်တယ်၊ တို့ခန့်တယ်"

သူ့စကားကို တင်အောင်ကလည်း

"တစ်ခါတည်း အပြတ်ပြောလိုက်မယ်၊ ခန့်ဘူး၊ ခန့်ဘူး၊ တို့ခန့် ဘူး၊ ဒါပဲ"

သူတို့နှစ်ယောက်ကိုကြည့်၍



"ဒီလိုလုပ်ကွာ၊ ငါတို့က သုံးယောက်ဆိုတော့ မဲပေးရင် သုံးမဲဖြစ်မှာပဲ၊ အဲဒီတော့ မဲများတဲ့သူအနိုင်ကွာ"





မောင်မောင် စိတ်ညစ်သွားသည်။

"မင်းတို့ကလဲကွာ၊ ညှိညှိနှိုင်းနှိုင်းလုပ်ကြပေါ့၊ ဒီအတိုင်းဆို ငါတို့ကုမ္ပဏီမှာ ဘယ်သူမှအလုပ်လုပ်ရမှာ မဟုတ်ဘူး"

သိန်းဆန်းနှင့်တင်အောင် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြသည်။ နောက် တင်အောင်က

"ဒီလိုလုပ်ကွာ၊ ငါတို့က သုံးယောက်ဆိုတော့ မဲပေးရင် သုံးမဲဖြစ်မှာပဲ၊ အဲဒီတော့ မဲများတဲ့သူအနိုင်ကွာ"

သူ့စကားကို လက်ခံလိုက်ကြသည်။

"ဟုတ်တယ်၊ ဒီအစီအစဉ် လက်ခံတယ်၊ ဒါပေမယ့် မဲတော့ မလိမ်နဲ့နော်"

"ဩော် သုံးမဲတည်းရှိတာ ဘယ်လိုလုပ်မလိမ်လို့ရမှာလဲ၊ ကဲ နောက်တစ်ယောက်ခေါ်ကွာ"

"နောက်တစ်ယောက်"

ကောင်မလေးတစ်ယောက်ဝင်လာ၏။ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြသည်။

"နာမည်ဘယ်လိုခေါ်လဲ"

"သိန်းသိန်းလင်း"

တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြသည်။

"ဘယ်လိုနေလဲ၊ ငါတော့ကြိုက်တယ်"

မောင်မောင်က တိုးတိုးပြောသည်။ ဒါကို ချေးများသော တင်အောင်က

"ငါတော့ လဝပဲ"



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား တစ်မဲစီဖြစ်နေတော့ သိန်းဆန်းကိုကြည့်ကြသည်။ သိန်းဆန်းက မျက်မှောင်ကြုတ်၍

"ငါကတော့ ကြိုက်ချင်ကြိုက်လို့ရတယ်၊ မကြိုက်ချင်လည်း မကြိုက်လို့ရတယ်၊ ငါးဆယ် ငါးဆယ်စီပဲ"

သူ့စကားကြားတော့ ဟိုနှစ်ကောင်လုံး စိတ်ဓာတ်ကျသွားသည်။ တင်အောင်က

"ဟေ့ကောင် အားလုံးရှိတာမှ သုံးမဲတည်း၊ အဲဒါကို မင်းက မဲကို ကပ်လိမ်နေသေးတယ်၊ ကြိုက်ရင်ကြိုက်တယ်၊ မကြိုက်ရင်မကြိုက်ဘူး၊ ဒါပဲပေါ့"

သူ့စကားကို သိန်းဆန်းက

"ငါ မဲလိမ်တာမဟုတ်ဘူးလေ၊ ငါ သူ့ကို အရှေ့ပိုင်းကြိုက်တယ်၊ အနောက်ပိုင်းမကြိုက်ဘူး၊ ဒါကြောင့် ငါးဆယ် ငါးဆယ်စီပါတယ်၊ ဒါပဲ"

သုံးယောက်သား ဘယ်လိုမှ ညှိမရ ထို့ကြောင့် မောင်မောင်က

"ကဲ ဒီမှာ ဆွေးနွေးနေလို့ မဖြစ်ဘူး၊ အရေးပေါ်အစည်းအဝေးခန်းထဲ



ကောင်မလေးကတော့ အရေးပေါ် အခန်းခေါ်သော အိမ်သာထဲ ဝင်သွားသော သူတို့ကို ကြောင်ငေးလျက်





ခဏဝင်ကြစို့"

"အေး အဲဒါကောင်းတယ်"

ဆိုကာ သုံးယောက်လုံး မတ်တတ်ရပ်လိုက်ပြီး ကြောင်စီစီနှင့် ရပ်နေသော ကောင်မလေးဖက်လှည့်ကာ၊

"ညီမလေး ခဏနေဦးနော်၊ အစ်ကိုတို့ ညီမလေးကို ရွေးမရွေး အရေးပေါ်အစည်းအဝေးခန်းထဲ ဝင်လိုက်ဦးမယ်"

ဆိုကာ တန်းစီ၍ အိမ်သာထဲ ဝင်လိုက်ကြသည်။ ကောင်မလေးကတော့ အရေးပေါ်အခန်းခေါ်သော အိမ်သာထဲဝင်သွားသော သူတို့ကို ကြောင်ငေးလျက်၊

"ဒီမှာ သိန်းဆန်း၊ ငါတို့ရှိတာမှ သုံးယောက်တည်း၊ အဲဒါကိုမှ ဆိတ်သိုးကြီး လမ်းလျှောက်သလို ဟိုဖက်ကပ်လိုက်၊ ဒီဖက်ကပ်လိုက် မလုပ်နဲ့လေ"

"ဟ ငါ အဲဒီလိုလုပ်တာ မဟုတ်ဘူးလေ၊ ကြိုက်တာငါးဆယ်၊ မကြိုက်တာငါးဆယ်၊ ကဲ ငါ ဘယ်သူ့ဖက်လိုက်လို့လဲ"

"မင်း အဲဒီလိုလုပ်တော့ ငါတို့က တစ်ယောက် ငါးဆယ်နဲ့ တစ်ရာ့ငါးဆယ်စီ ဘယ်လိုခွဲရမှာလဲ"

"ဒါဖြင့်လိုချင်ရင် ငါ့ဆီက ငါးဆယ်ကိုဝယ်ယူလေကွာ"

သိန်းဆန်းက ခပ်တည်တည်ပြောသည်။

အရေးထဲ အချင်းချင်း စီးပွားရှာနေသေး၏။

ဒါကို တင်အောင်နှင့်မောင်မောင်က တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကြသည်။ နောက် မောင်မောင်က

"ကဲ ဒါဖြင့်လည်း မင်း ဒီကောင့်ဆီပေးထားတဲ့ငါးဆယ်သာက



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆယ် ငါ့ကိုပေး၊ ငါ ငါးသောင်းပေးမယ်”

မဲအရောင်းအဝယ်က အိမ်သာထဲတင် ဖြစ်သွားသည်။

“ဒါမျိုးဘယ်ရမလဲ၊ ငါလည်းဝယ်မှာပေါ့၊ ဒီကောင့်ဆီက တစ်ဆယ်ပေးကွာ၊ ခြောက်သောင်း”

“ငါ ခုနစ်သောင်း”

“ကဲ ငါးဆယ်လုံးဝယ်မယ်၊ တစ်သိန်း”

“ငါးဆယ်လုံး တစ်သိန်းနှစ်သောင်း”

အရောင်းအဝယ်ဈေးက ဝန်ထမ်းများပေးရမည့်လစာပင် မကတော့။

သူတို့အရောင်းအဝယ်တည့်၍ ထွက်လိုက်တော့၊

“ဟင်”

ကောင်မလေးမရှိတော့။

ဤသို့ဖြင့်။

×××





စည်ကားပါသည်။ ဆန်းတင်မောင် တို့ဂ်ကုမ္ပဏီတွင် မိန်းမလှလေးများနှင့် စည်ကားနေပါသည်။ အားလုံး ပညာနှင့်လုပ်သက်ကိုဖယ်၊ ရုပ်ရည်တစ်ခုတည်းသာ ကြည့်ရွေးထားသော အားလုံးမှာ ခေါင်ထည်တွေချည်းသာ ဖြစ်နေ၏။

ကုမ္ပဏီတံခါးဝကို ဆွဲဖွင့်လိုက်သည်နှင့် မောင်မောင် စိတ်ချမ်းသာမှု



www.burmeseclassic.com

www.burmeseclassic.com



များနှင့် ပြည့်စုံသွား၏။ မိန်းကလေးများ ခန္ဓာကိုယ်မှ ပျံ့လွင့်လာသော ရနံ့ပေါင်းစုံကို ရှူရှိုက်မိသည်နှင့် လခတိုးပေးချင်စိတ်များပင် တဖွားဖွား ဝိုင်းရံလာသည်။ သို့သော် ကိုယ်က ကုမ္ပဏီပိုင်ရှင်မို့ ရုပ်ကိုသိပ်ဖြီးထားလို့မဖြစ်။ ဟိုကောင်တွေပါစုံမှ ခွဲတမ်းက ချရဦးမှာကိုး။ ထို့ကြောင့် အားလုံးကို လူမှတ်သလို ဝေ့ကြည့်ပြီး ခပ်တည်တည်နှင့်

"အားလုံး ထိုင်မနေကြနဲ့ဟေ့၊ ကိုယ့်အလုပ်ကိုယ် ကြိုးကြိုးစားစား လုပ်ကြ၊ ဒါမှ ကုမ္ပဏီ တိုးတက်မှာ၊ ဒါမှ မင်းတို့လည်း လခတိုးရမှာ"

သူ့စကားကြောင့် မိန်းမချောလေးများ အူကြောင်ကြောင်နှင့် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကြသည်။ ဒါကို မောင်မောင်က ပါဝါပြသလိုပုံမျိုးနှင့်

"ဘာ အူကြောင်ကြောင် လုပ်နေကြတာလဲ၊ ကိုယ့်အလုပ်ကိုယ် မြန်မြန်သွက်သွက်လုပ်ကြလေ"

အားလုံး ရှေ့က စာအုပ်လှန်ရမလို၊ ကွန်ပြူတာ နှိပ်ရမလိုတွေ ဖြစ်သွား၏။ နောက်မှ မြင့်မြတ်မိုးဆိုသော



မိန်းမကို အလွယ်တကူ ပိုး၍ ရရန်သာ ကုမ္ပဏီထောင်ခဲ့ခြင်းဖြစ်ပြီး ဘာအလုပ်လုပ်ရမှန်း မသိ။ ဘာအလုပ်မှလည်း မရှိ။





ကောင်မလေးက မရဲတရဲနှင့် ထပြီး

"ဆရာ တစ်ခု မေးလို့ရမလားဟင်"

မောင်မောင်က ခပ်တည်တည်နှင့် ဆရာကြီးဟန် လက်ပိုက်ပြီး

"မေး မသိတာရှိရင် အဲသလို ပွင့်ပွင့်လင်းလင်း မေး၊ ရှင်းပြမယ်"

"ဆရာ ကျွန်မတို့က ဘာအလုပ် လုပ်ရမှာလဲဟင်"

"ဟမ်"

မြင့်မြတ်မိုး အမေးကြောင့် မောင်မောင် ကြောင်သွားသည်။ ဒါကို သူ့ရှေ့နားက ကောင်မလေး သန်းလှစိုးက

"ကျွန်မတို့ ကုမ္ပဏီက ဘာလုပ် တဲ့ ကုမ္ပဏီလဲဟင်"

"ဟင်"

မောင်မောင် ဘာပြောလို့ ပြောရမှန်းမသိ။ မိန်းမကို အလွယ်တကူပိုး၍ရရန်သာ ကုမ္ပဏီထောင်ခဲ့ခြင်းဖြစ်ပြီး ဘာအလုပ်လုပ်ရမှန်းမသိ။ ဘာအလုပ်မှလည်းမရှိ။ ထို့ကြောင့် ဘာလုပ်ပါလို့ ပြော၍လည်း မရ။ ထို့ကြောင့် အူကြောင်ကြောင်နှင့် ခေါင်းကုတ်ပြီး

"အေး အခုတော့ လုပ်ချင်တာ လုပ်ထားကြ၊ ဟိုနှစ်ယောက် လာမှ ဘာလုပ်ရမယ်ဆိုတာ တိုင်ပင်ပြီး အလုပ်ခွဲပေးမယ် ဒါပဲ"

ဆိုကာ သူ့အတွက် စီစဉ်ထားသော အခန်းထဲ ပြေးဝင်သွားမိလိုက်သည်။ အခန်းထဲရောက်မှ ထိုင်ခုံပေါ် ခြေပစ်လက်ပစ် ထိုင်ချပြီး ကိုယ့်ခေါင်းကိုယ် အုပ်ကိုင်ကာ

"တောက် ကုမ္ပဏီထောင်ထားပြီး ဘာအလုပ်မှလည်းမရှိ ဘာလုပ်ရမှန်းလည်း မသိ၊ ဒုက္ခပဲ"

ဟု ရေရွတ်ကာ အခန်းထဲမှ မထွက်ရဲ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သိပ်မကြာပါ။ သူ့နည်းတူ တင်အောင် ရောက်လာသည်။ ကုမ္ပဏီ တံခါးကို ဆွဲဖွင့်လိုက်သည်နှင့် ဩဇာသံအပြည့်နှင့်

“ဘာလုပ်နေကြတာလဲ၊ လှလှစိုးတို့ ပပဝင်းတို့ မြင့်မြတ်မိုးတို့ ကွန်ပျူတာဖွင့်ပြီး ဂိမ်းကစားနေတာလား၊ သန်းလှစိုးတို့ မြင့်မြင့်ကြည် ခိုင်စိုးထွန်း စာရင်းတွေ ရှာစမ်း”

သူ့စကားကို သန်းလှစိုးက

“ဘာစာရင်းတွေ ရှာရမှာလဲဟင်”

တင်အောင်က မလျှော့သောဟန်နှင့်

“ကုမ္ပဏီစာရင်းတွေလေကွာ”

“ဒီကုမ္ပဏီက ဘာလုပ်လို့ ဘာစာရင်း ရှာရမှာလဲဟင်”

“ဂ္ဂ”

တင်အောင် အသံပင် တိတ်သွား၏။ ဟုတ်သား။ သူ့ကုမ္ပဏီက ဘာလုပ်လို့ ဘာစာရင်း ရှာရမှာလဲ။ ထိုတော့မှ သူတို့မှာ ကုမ္ပဏီသာ ရှိပြီး အလုပ်မရှိမှန်း သတိရသွား၏။ ထို့ကြောင့် ဘာပြောရမှန်းလည်း မသိ။ ခေါင်းကုတ်



ထိုတော့မှ
သိန်းဆန်းလည်း
သူတို့တွင်
ကုမ္ပဏီသာရှိပြီး
အလုပ်မရှိမှန်း
သိတော့၏။





မလို ဗိုက်ကုတ်မလို လုပ်ပြီး

“အေး အခုတော့ နေဦးပေါ့ကွာ၊ ဟိုကောင်တွေနဲ့ တိုင်ပင်ပြီးမှ နင်တို့ကို အလုပ်ခိုင်းပစ်မယ်”

ဆိုကာ မောင်မောင်တုန်းကအတိုင်း အခန်းထဲ ပြေးဝင်သွားလေသည်။

အခန်းထဲတွင် ကိုယ့်ခေါင်းကိုယ် အုပ်ကိုင်ပြီး ငြိမ်နေသော မောင်မောင်ကိုတွေ့တော့ ဘာမှမပြောနိုင်ဘဲ သူ့နားမှာ သူ့အတိုင်းပင် ခေါင်းကို အုပ်ကိုင်ပြီး ငြိမ်ထိုင်နေမိတော့၏။

သိပ်မကြာပါ။ သိန်းဆန်း ရောက်လာ၏။

သူကတော့ အရင်နှစ်ယောက်လို မဟုတ်။ တမင်လုပ်ထားသော ဖော်ရွေဟန်နှင့် တံခါးကို တွန်းဖွင့်ပြီး

“ညီမလေးတွေ အလုပ်ပင်ပန်းနေပြီလား၊ အလုပ်တွေ သိပ်များနေပြီလား၊ ကြိုးစားထားကြနော် ဟီးဟီး အလုပ်ရှင်တွေ သဘောကောင်းတယ် ဆိုပြီး အချောင်မခိုကြနဲ့၊ ကိုကြီးတို့ ကြိုက်ဘူး ဟူးဟူး”

သူ့စကားလည်းဆုံးရော အရှိန်ရနေပြီဖြစ်သော မိန်းမလှလေးများက

“အချောင်ခိုရအောင် သမီးတို့ ဘာအလုပ်လုပ်ရမှာမို့လဲဟင်”

“ဟမ်”

“ကုမ္ပဏီက အလုပ်ရောရှိရဲ့လား ဟင်”

“အုမ်”

ထိုတော့မှ သိန်းဆန်းလည်း သူတို့တွင် ကုမ္ပဏီသာရှိပြီး အလုပ်မရှိမှန်း သိတော့၏။ ထို့ကြောင့် သွားဖြဲကြီးနှင့်



www.burmeseclassic.com

www.burmeseclassic.com



"အလုပ်က အဲ အလုပ်က နေဦး၊ ဟိုနှစ်ယောက်နဲ့ တိုင်ပင်ပြီးမှ လာပြောမယ်နော်၊ ခဏ ခဏလေး ဟေးဟေး"

ဆိုပြီး လုံးချကာ သူတို့ သတ်မှတ်ထားသော အခန်းထဲ ပြေးဝင်လာ၏။ အခန်းထဲတွင် ကိုယ့်ခေါင်းကိုယ် အုပ်ကိုင်ပြီး ငြိမ်နေသော ဟိုနှစ်ကောင်ကို တွေ့၍ သူလည်း ထိုအတိုင်း စိတ်ပျက်လက်ပျက် ဝင်ထိုင်နေလိုက်သည်။ အတန်ကြာသည်အထိ စကားမစဖြစ်သေး။ အလုပ်မရှိသည့်ကိစ္စ မည်သို့ ညာဏ်နီညာဏ်နက် ထုတ်ရမည်မသိ။

သက်ပြင်းချသံက ပြိုင်တူထွက်လာသည်။

"ကဲ ဘယ်လိုလုပ်ကြမလဲ"


သိန်းဆန်း၏အမေး။

"ကုမ္ပဏီထောင်ပြီး အလုပ်ရှိဖို့ မေ့နေရတယ်လို့ကွာ"

တင်အောင် ဖြေသည်။ မောင်မောင်က

"ကုမ္ပဏီကအစ စဉ်းစားပြီး အလုပ်ကို မစဉ်းစားမိတော့ နည်းနည်းလေး ကွဲသွားတာပေါ့ကွာ၊ ဒီအချိန်ကျမှ ကုမ္ပဏီ





ထိုတော့မှ သိန်းဆန်းလည်း သူတို့တွင် ကုမ္ပဏီသာရှိပြီး အလုပ်မရှိမှန်း သိတော့၏။ ထို့ကြောင့် သွားဖြဲကြီးနှင့်



အလုပ်ရှိအောင် လမ်းထိပ်ဘိန်းမုန့်ထွက်ရောင်းလို့လဲ မကောင်း"

"အာ မင်းကလည်း ကုမ္ပဏီဖြစ်ပြီး ဘိန်းမုန့် ရောင်းရမလားကွ"

အားလုံးငြိမ်သက်ကုန်၏။ သူတို့၏ စိတ်ထဲ ကုမ္ပဏီထောင်ပြီး ဝန်ထမ်းများကို အပေါ်စီးမှ ခြေတော်တင်ပိုးမည်ဟုလောက်သာ ခေါင်းထဲထည့်ထား၍ အလုပ်က ပျောက်နေသည်။

အလုပ်ကလည်း သဘောထမင်းချက်မှလွဲ၍ ဘာတစ်ခုမှ မလုပ်ဘူး၍ အလုပ်တစ်ခု အစရှာရန် ဘယ်လိုမှ စဉ်းစားမရ။

ခန့်ထားသည့် မိန်းကလေးက ဆယ့်ငါးယောက်။ လစာတော့ ပေးနိုင်ပါရဲ့။ အလုပ်ကိုတော့ မပေးနိုင်။ မည်သို့ကြံစည်ရမည်မသိ။

အတန်ကြာမှ သိန်းဆန်းက ရဲရဲတောက်မျက်လုံးနှင့်

"ကဲ ဆုံးဖြတ်စရာက နှစ်ခုပဲ ရှိတော့တယ်"

အားလုံးခေါင်းထောင်ကုန်၏။ ထွက်ပေါက်မရှိချိန်မို့ သူ့စကားကို စိတ်ဝင်စားသွားကြသည်။

"တစ်အချက် တို့တွေ မူလအစီအစဉ်အတိုင်း ရည်းစားရှာကြမလား၊ ဒါမှမဟုတ် နှစ်အချက် အလုပ်ရှာကြမလား၊ ကဲ အဲဒါပဲရွေး"

သူ့စကားကို တင်အောင်က သတိရသွားသလိုဟန်မျိုးနှင့်

"အိုကွာ တို့ရဲ့ မူလဘူတရည်ရွယ်ချက်ကိုက ရည်းစားရဖို့အဓိကပဲ၊ ကျန်တာတွေတော့ သာမညပဲ၊ အခု အလုပ်ဆိုတာလဲ"

သူ့စကားမဆုံးမီ မောင်မောင်ကလည်း

"ဟုတ်တယ်ကွ၊ ရည်းစားလိုချင်လို့ ကုမ္ပဏီထောင်တာပဲ၊ အလုပ်လိုချင် သဘောပေါ်တက်ပြီး အလုပ်လုပ်မှာပေါ့"

သူတို့စကားကို သိန်းဆန်းက ပြုံးသွားပြီး



www.burmeseclassic.com

"ကဲ ဒါဆိုလည်း ကိုယ့်အလုပ်ကိုယ် လုပ်ကြတာပေါ့"

"ဟကောင်ရ အလုပ်မှမရှိတာ"

တင်အောင်က ဝင်ထောက်သည်။ သိန်းဆန်းက သူ့မျက်နှာကို ထပ်ပြုံးလိုက်ပြီး

"မကြာခင် ရှိလာလိမ့်မယ်၊ ကဲ လာ ကောင်မလေးတွေနဲ့ အလုပ်အကြောင်း ပြောကြရအောင်"

ဆိုကာ ခပ်တည်တည်နှင့် အပြင်သို့ လှမ်းထွက်သွားသည်။ မောင်မောင်နှင့် တင်အောင်က ဘုမသိဘမသိ နောက်ကလိုက်ရသည်။

×××





"ဟဲ့ ဟုတ်မှဟုတ်သေးရဲ့လား၊ ကုမ္ပဏီဆိုပြီး ဘာအလုပ်မှလည်း မရှိ"

"အေး ဆိုင်းဘုတ်ကြီး လမ်းမပေါ် ကန့်လန့်ချထားကတည်းက ငါ မသင်္ကာတာ၊ တကယ့်ကုမ္ပဏီအစစ်ဆို ဆိုင်းဘုတ်ကို လူမြင်သူမြင် ထားရမှာပေါ့"

"မဟုတ်တာတွေ လုပ်မလို့လား၊ ဒါမှမဟုတ် အခုခေတ်စားနေတဲ့ လူ

www.burmeseclassic.com



မှောင်ခိုတွေလား"

"အို့ အဲလိုလုပ်လို့ကတော့ ငါ့သားလေး လက်ဆွဲပြီး ဖအေ ကောင်ပါ ဖော်ပစ်မယ်"

"ဟဲ့ နင်ပြောတော့ အပျိုဆို"

"ဒါက အလုပ်ရမှာမို့ လိမ်ပြောရတာပေါ့၊ နင်တောင် နင့်ဘဲနဲ့"

"ဒီအချိန်ဆို ငါ့သားတော့ နို့ဆာနေလောက်ပြီ"

"ဒီလူကြီးတွေ ငတုံးကြီးတွေပါ၊ ဒီအရွယ် ဒီရုပ်နဲ့ ရည်းစားမရှိဘူးဆိုတာ သူတို့မို့ ယုံတယ်၊ ခိုးရယ်လိုက်ဦးမယ် ခွိ ခွိ"

မိန်းမများ တွတ်ထိုးနေကြသည်။ ထိုစဉ် ကျွဲခနဲ တံခါးဖွင့်သံ။

အားလုံးငေ့ကြည့်လိုက်တော့ ကုမ္ပဏီပိုင်ရှင် သုံးဦး။ သွားဖြီးကြီးများနှင့်။

သိန်းဆန်းမှစ၍

"အလုပ်များလို့ ပင်ပန်းနေကြပြီထင်တယ် ဟဲဟဲ"

အားလုံး ဘာမှမပြောဘဲ သူတို့ကို ငေးကြည့်နေသည်။ ဘာအလုပ်မှ မလုပ်ရပါဘဲ အလုပ်များနေသည်ဆိုတော့လည်း ပြောစရာကို မရှိ။

"အထူးအစီအစဉ်တစ်ခုအနေနဲ့ အလုပ်တွေလည်း ပင်ပန်းပြီဖြစ်တဲ့အတွက်"

အလုပ်က တစ်မနက်ပင် လုပ်ရသေး။

"စာနာသနားသောအားဖြင့် ကုမ္ပဏီတစ်ခုလုံး ချောင်းသာအပန်းဖြေခရီး ပို့ဆောင်ပေးမှာ ဖြစ်ပါတယ်"

"ဟယ်"







အားလုံးထံမှ
ကျယ်လောင်သော
အာမေဋိတ်သံ၊
အလုပ်တစ်မနက်
ဆင်းရုံနှင့်
ပင်ပန်းလို့
ချောင်းသာ
အပန်းဖြေခရီး
ပို့မတဲ့။

အားလုံးထံမှ ကျယ်လောင်သော အာမေဋိတ်သံ။ အလုပ်တစ်မနက် ဆင်းရုံနှင့် ပင်ပန်းလို့ ချောင်းသာ အပန်းဖြေခရီးပို့မတဲ့။

တင်အောင်နှင့် မောင်မောင်ပါ သိန်းဆန်း၏ မျက်နှာပြောင်တိုက်ပုံကို အံ့အားသင့်သွားသည်။

"ကဲ အဲဒီတော့ ဒီညနေ အထုပ်အပိုးတွေပြင်ကြ၊ ညနေ ခြောက်နာရီမှာ ချောင်းသာထွက်ကြမယ်၊ ကဲ ဘယ့်နှယ် ပျော်ရဲ့လား"

တစ်ယောက်မှ ဘာသံမှမထွက်။ ကုမ္ပဏီပိုင်ရှင် သုံးယောက်ရဲ့ ပြောင်လက်နေသော မျက်ခွက်များကိုသာ ငေးစိုက်နေကြသည်။ အတန်ကြာမှ စိုးစိုးရီက

"မလိုက်လို့ မရဘူးလားဟင်"

သိန်းဆန်းက ပြုံး၍ခေါင်းခါသည်။

"အလုပ်လျှောက်ကတည်းက စည်းကမ်းချက်ထဲမှာပါတယ်၊ ကုမ္ပဏီပိုင်ရှင်တွေကို အလိုလိုက်ရမယ်ဆိုတာ"

အားလုံး ချည်ပြီးတုပ်ပြီး။ အလုပ်



www.burmeseclassic.com

www.burmeseclassic.com



ထွက်လျှင် သုံးဆလျော်။

နွယ်ဦးလှိုင်မှထ၍

"ဒါ ဒါဆို သားလေးကိုရော ခေါ်သွားလို့ရမလားဟင်၊ သူ ချောင်းသာ မရောက်ဘူးလို့"

"ဘာ"

"ဩော် အဟဲ ကျွန်မအစ်မရဲ့ သားလေးကို ပြောတာပါ"

"မရပါဘူး၊ ဒါ ကုမ္ပဏီကိစ္စမို့ တာဝန်လို့ သဘောထားရပါမယ်၊ တာဝန်ထမ်းဆောင်နေတဲ့အချိန် ဘယ်ကလေးမှ မခေါ်ရပါဘူး"

လွှမ်းမေက မခို့တရို့ထ၍

"ယောက်ျားဆိုရင်ရော"

"ဘယ်လို"

"ဟို ဟိုလေ မောင်လေး၊ ယောက်ျားလေးကို ပြောတာ ဟိဟိ"

"ဘယ်သူမှ အပိုခေါ်ဆောင်ခွင့် မရှိပါဘူး၊ ကုမ္ပဏီဝန်ထမ်းတွေ ချည်းပဲ သီးသန့်သွားမှာပါ။ ကဲ အဲဒီတော့ လုပ်စရာရှိတာ ဆက်လုပ်ကြပါ၊ ဒါပါပဲ"

ဆိုကာ အခန်းထဲ လှည့်ဝင်သွားကြသည်။ အားလုံးက ကြောင်တောင်တောင်နှင့် ကျန်ခဲ့မြီ။

×××





"မင်းတို့ ဘာသိလို့လဲကွ၊ ပင်လယ်ကမ်းခြေက မိန်းမတွေရဲ့ စိတ်ကို ပိုပြီးနိုးကြွစေတယ်"

သိန်းဆန်းစကား။ ဒါကို မောင်မောင်က

"အဲဒါက ထားပါကွာ၊ အခုဟာက အလုပ်တစ်ခုမှ မလုပ်ရသေးဘဲ"

"အလုပ်မရှိဘဲလို့ ပြောပါကွာ"

တင်အောင် ဝင်ထောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ အလုပ်က မရှိဘဲ"

သိန်းဆန်း ပြုံးသည်။ ခေါင်းထုခံရနီး ငါးခူပါးစပ်လို။

"သူတို့ အလုပ်မရှိတာ အကြောင်းမဟုတ်ပါဘူးကွာ၊ ကိုယ် အလုပ်ရှိဖို့ပဲ အရေးကြီးပါတယ်၊ ပင်လယ်ကမ်းခြေမှာ ကောင်မလေး များရဲ့ ဘစ်ကနီနဲ့အလှကို တစ်ဝကြီး ပိုးဖို့သာ ပြင်ကြပေတော့"

အားလုံး ပြန်လည်တက်ကြွသွားသည်။ မှန်၏။ မိမိအလုပ်သာ အရေးကြီးဆုံး မဟုတ်လား။ ရည်းစားရရေးသာ နံပါတ်ဂဏန်း တစ်။

×××





"ဟဲ့ ဒီလူကြီးတွေ ဟုတ်ရော ဟုတ်သေးရဲ့လား"

"အေးလေ အလုပ်တောင် မလုပ် ရသေးဘဲ ပင်ပန်းလို့ ပင်လယ်ကမ်းခြေ ခေါ်သွားမတဲ့"

"ဟဲ့ လူမှောင်ခိုဆိုတာများလား"

အားလုံး လန့်ကုန်၏။ သူတို့ကုမ္ပဏီ ပိုင်ရှင်များ၏ လုပ်ရပ်က မသင်္ကာစရာ ချည်းပဲ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် ငါတော့ လက်ထပ်စာချုပ်ယူသွားမယ်၊ ရုတ်ရုတ် လုပ်ရင် ထုတ်ပြရအောင်"

"အေး ငါလည်း ရဲကို ကြိုအကြောင်းကြားသွားမယ်"

"ဘာပဲဖြစ်ဖြစ် သတိနဲ့တော့နေကြပေါ့"

အားလုံး ကုမ္ပဏီပိုင်ရှင်များ လုပ်ရပ်ကြောင့် ထိတ်ထိတ်ပျာပျာ။

"ဘာပဲဖြစ်ဖြစ် ရတဲ့အခွင့်အရေးကိုတော့ အသုံးချရမယ်"

"ဘယ်လိုအသုံးချမှာလဲ"

"ကျွေးတာရော မကျွေးတာရော အားမနာလျှာမကျိုး စားပစ်ရမယ် ဒါမှ ဒီလူတွေ မှတ်မှာ"

"ဟုတ်တယ် အဲဒီအကြံကောင်းတယ်"

"ညီစေနော်"

"ညီစေ"

×××





ပင်လယ်ကမ်းခြေက ပျော်စရာ ကောင်းပါသည်။ ခေါ်လာသည့် ကောင်မလေးများ အားလုံးကလည်း အလန်းတွေမို့ မြင်မြင်သမျှ လှပနေတော့သည်။ သို့သော်

အများလို မပျော်ရွှင်နိုင်သောသူ သုံးဦး ပင်လယ်ပြင်ကို မျက်နှာမူ၍ ငုတ်တုတ်ထိုင်ရင်း ကိုယ့်ခေါင်းကိုယ် အုပ်ကိုင်ထားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းမိကောင်းလျက်နဲ့ ခေါ် လာပြီးမှကွာ၊ အခု ဘယ့်နှယ်လုပ်ကြမှာလဲ"

"အဲဒါ မင်းအကြံပဲလေ၊ စဉ်းစား ကြည့်စမ်း၊ တည်းခိုခတင် တစ်ရက်ကို နှစ်သိန်းကျော်၊ စားစရိတ်ကလည်း တစ်ရက်ကို တစ်သိန်းနီးပါး"

"အေးကွာ ဒီမိန်းမတွေရဲ့ ပါးစပ်ကလည်း အလျှံခုံးလိုပဲ ထည့်သလောက်ကို ဝင်နေတာ"

အားလုံးကြံရာမရတော့။ ကြီးမြင့်လှသော စရိတ်စကများအကြောင်း စဉ်းစားတိုင်း ကိုယ့်ခေါင်းကိုယ် အုပ်ကိုင်ကာ ငြိမ်နေရသည်။ တစ်ရက်က မသိသာ။ သုံးရက်ကျတော့ ဘယ်လိုမှ မပျော်နိုင်တော့။ မိန်းမကို ပျော်ပျော်ကြီးပိုးရန်တောင် စိတ်မရောက်တော့။ ကုန်ကျစရိတ်က ငယ်ထိပ် တက်ဆောင့်လေပြီ။ ထိုစဉ်မှာပင်

"သနားကြပါခင်ညာ အစ်ကိုကြီးတို့ အစ်မကြီးတို့ ကျွေးမှစားရမယ့် ဘဝပါခင်ညာ"

"ဒုံတုံတုံ ဒုံတုံတုံ"



ခုတော့ မာထားဦးပေါ့ဗျာ၊ ခင်ညားတို့လည်း ကျုပ်လို ကုမ္ပဏီ ပိုင်ရှင်ဘဝက သူတောင်းစားဖြစ်မှ နေရာလာမလုနဲ့၊ ဒီနေရာ ငါ့နေရာ



နံဘေးနားသို့ သူတောင်းစားက မယ်ဒလင်လေးတီးပြီး လာတောင်းနေသေး၏။

"ကျွန်တော်လည်း အရင်က အစ်ကိုကြီးတို့လို ကုမ္ပဏီပိုင်ရှင်ပါပဲညာ၊ ချောင်းသာရောက်ပြီး စရိတ်ပြတ်လို့ ဒီဘဝရောက်ရတာပါ"

"ဒုံတုံတုံ"

သူတောင်းစားက သူတို့စကား ဘယ်ကတည်းက ချောင်းနားထောင်သည်မသိ။ သူပြောသော စကားကြောင့် အားလုံးနင်သွား၏။ နောက်မှ မောင်မောင်က

"အာ ဒီလူကလည်း ဒီမှာအလုပ်အကိုင် ရှာဖွေနေပါတယ်ဆိုမှ"

"ကျွန်တော်လည်း အစ်ကိုကြီးတို့လို အလုပ်ရှာခဲ့တာပဲဗျ၊ နောက်ဆုံးကျ ဒီအလုပ်ပဲရှိလို့ ဒီအလုပ်ပဲ လုပ်ရတာပါ၊ သနားကြပါခင်ညာ"

တင်အောင်က သူတောင်းစားကို တွန်းလွှတ်ရင်း

"သွားပါဗျာ စိတ်ညစ်နေရတဲ့အထဲ"

ဒါကို သူတောင်းစားက ပေကပ်ကပ်လုပ်ရင်း

"ခုတော့ မာထားဦးပေါ့ဗျာ၊ ခင်ညားတို့လည်း ကျုပ်လို ကုမ္ပဏီပိုင်ရှင်ဘဝက သူတောင်းစားဖြစ်မှ နေရာလာမလုနဲ့၊ ဒီနေရာ ငါ့နေရာ"

ဆိုကာ ပေစောင်းပေစောင်းနှင့် ထွက်ချသွားလေသည်။

အားလုံး အသံတွေ ပြန်တိတ်ကုန်၏။ သူတို့ဘဝကလည်း ခုနက သူတောင်းစားပြောသလို မကြာခင် ခွက်ဆွဲရမည့်အခြေအနေ။

"ဒီအတိုင်းဆို ငါတို့တစ်သက်လုံး ပင်လယ်ထဲ ရှာထားတာတွေ ဒီကမ်းခြေမှာ ကုန်မယ့်သဘောရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ၊ နိုင်ငံတကာကမ်းခြေ ပေါင်း မြောက်မြားစွာမှာ စောင့်ထိန်း ခဲ့သမျှ ကိုယ့်နိုင်ငံကမ်းခြေရောက်မှ ပြုတ်ပြုတ်ပြုန်းကော့မယ်"

အားလုံး အသံတိတ်ကုန်၏။ ကမ်းခြေရောက်ပြီးမှ မည်သို့မှ မကြံ တတ်ကြတော့။

"ပြန်ကြရင်ရောကွာ"

တင်အောင်က မေးသည်။ မောင် မောင်က

"အိုကွာ ပြန်ကြတော့ရော၊ ဟိုမှာ ဘာအလုပ်ကမှ မရှိတာ၊ ဘဝက ဆိုး လွန်းပါတယ်ကွာ"

သုံးယောက်လုံး ပြိုင်တူသက်ပြင်း ချမိသည်။ ပြီးနောက် ပြိုင်တူပင် နှုတ် မှ

"အလုပ်တစ်ခုခုရှိရင် ကောင်း မယ်"

သူတို့အသံနှင့်အတူ

"ဘာဗျ၊ မော်ဒယ်တွေရဲ့ကား ပါ မလာဘူး ဟုတ်လား၊ သူတို့ မပါရင် ကျုပ်က ဘာရိုက်ရမှာလဲ၊ တောက် ပင်လယ်ထဲ ခုန်ချပြီး သေသာသေ



ခင်ဗျားဗျာ ရန်ကုန်မှာ မော်ဒယ်တွေ ရိုက်သတ်လို့ မကုန်အောင် ရှိတာပဲ၊ ဆယ့်ငါးယောက် လောက်တောင် မရဘူးဆိုတာတော့ ခင်ဗျားပဲ ညံ့လွန်းတာလား



လိုက်ချင်တယ်ကွာ တောက်"

လှည့်ကြည့်လိုက်တော့ သူတို့လိုပင် ဆောင့်ကြောင့်ထိုင် ခေါင်းအုပ်ကိုင်ထားသောသူတစ်ယောက်။

"ခင်ဗျားဗျာ ဒီဇာတ်ကားဟာ ဒီမော်ဒယ်တွေအလှနဲ့ ပင်လယ်ပြင် ကို ပေါင်းစပ်ရိုက်ရမှာ၊ အခုမော်ဒယ်တွေ ပါမလာဘူးဆိုတော့ ကျုပ် က ဘာဆက်ရိုက်ရမှာလဲ၊ မရိုက်ရင်လည်း တစ်ရက်ကို တည်းခိုစရိတ် နဲ့ အလုပ်သမားကြေးက နည်းတာမှတ်လို့၊ တစ်ရက်ကို ကုန်ကျစရိတ် က ဆယ်သိန်းကျော်၊ တစ်ဆင်းနှံမှ မရိုက်ဘဲ ဘယ်အမေ့လင် ပရိုဂျူ ဆာက ငွေထုတ်ပေးမှာလဲ"

သူ့နောက်နားသို့ လူတစ်ယောက် ခေါင်းအုပ်ငုတ်တုတ်ထိုင်ရင်း

"ကျွန်တော်လည်း ရအောင်ငှားတာပါပဲ ဆရာရယ်၊ အခုမှ ပွဲတွေ က တိုက်နေလို့တဲ့ အဲဒါ"

"ခင်ဗျားဗျာ ရန်ကုန်မှာ မော်ဒယ်တွေ ရိုက်သတ်လို့ မကုန် အောင် ရှိတာပဲ၊ ဆယ့်ငါးယောက်လောက်တောင် မရဘူးဆိုတာတော့ ခင်ဗျားပဲ ညံ့လွန်းတာလား"

"ကျွန်တော်လည်း ရှာတာပဲဆရာ"

"မော်ဒယ်မဟုတ်လည်း မိန်းကလေး ခပ်လှလှတွေဆို ရတာပဲ ဗျာ၊ ဘာလဲ မြန်မာပြည်မှာ မိန်းမလှတွေ ရှားကုန်ပြီလား"

အနောက်က စကားသံများကြောင့် သုံးယောက်သား ငုတ်တုတ် လှည့်မိကြသည်။ နောက်-အလိုလိုနေရင်း အာချောင်နေသော သိန်း ဆန်းက

"မိန်းကလေးတွေ လိုနေတာလားဟင်"

သူ့အမေးကို အရှေ့က ငုတ်တုတ်တိုင်နေသော ဒါရိုက်တာကြီး

www.burmeseclassic.com

www.burmeseclassic.com



က သူ့ခေါင်းကို လက်နှင့်အုပ်ကိုင်ရင်း

"ဒီကားက ကျွန်တော့်ရဲ့ ပထမဆုံး ရုပ်ရှင်ကားပါဗျာ၊ ဒီကားကို ကောင်မလေးလှလှလေးတွေနဲ့ ကမ်းခြေမှာ လှလှပပရိုက်ဖို့ဟာကို အခု မိန်းကလေးတွေက မပါလာတော့ဟင်း"

သူ့စကားကြားတော့ တင်အောင် အားတက်သွားပြီး

"ကျွန်တော်တို့ ကုမ္ပဏီမှာ မိန်းကလေးတွေ အများကြီးပါလာတယ်၊ အဲဒါ အလုပ်လုပ်လို့ ဖြစ်မလားဟင်"

"ဘယ်နှစ်ယောက်လဲ"

"ဆယ့်ငါးယောက်အတိ"

"လှလားဟင်"

"မရှက်မကြောက်တမ်း ပြောရရင် ကျွန်တော်တို့ကိုယ်တိုင် ပိုးဖို့ရွေးထားတဲ့ ခေါင်ထည်လေးတွေပါဗျာ"

ဒါရိုက်တာကြီး အနည်းငယ် ခေါင်းထောင်သွားသည်။

"သူတို့ကရော ဝါသနာပါပဲ့မလားဟင်"

မောင်မောင်က ဝင်၍



ဒီကားက ကျွန်တော့်ရဲ့ ပထမဆုံး ရုပ်ရှင်ကားပါဗျာ၊ ဒီကားကို ကောင်မလေးလှလှလေးတွေနဲ့ ကမ်းခြေမှာ လှလှပပ ရိုက်ဖို့ဟာကို အခု မိန်းကလေးတွေက မပါလာတော့ ဟင်း





"အလုပ်မရှိတဲ့ ကုမ္ပဏီဝန်ထမ်းတွေပဲဗျ၊ ပိုင်ရှင်ကခိုင်းရင် လုပ်ရမှာပေါ့"

"ဒါ ဒါဆို အဆင်ပြေပြီပေါ့၊ ရိုက်ကွင်းစလို့ ရပြီပေါ့"

ဒါရိုက်တာ အားတက်သွားသည်။ ဒါကို သူ့နောက်က ရှုတင်မန်နေဂျာက မခို့တရို့နှင့်

"ဆရာ ပြောဖို့မေ့နေလို့"

"ဘာဖြစ်ပြန်ပြီလဲ"

"ရှုတင်ထမင်းချက်လည်း ပါမလာဘူးဆရာ အဲဒါ"

"ဘာ"

ဒါရိုက်တာကြီး မျက်လုံး ပြူးသွားသည်။ ပြီးနောက် ဇဝေဇဝါနှင့်

"ငါရော ပါလာလားဟင်"

"မသေချာဘူးဆရာ"

"ဩော် အဲဒီလိုလား"

အသံပါတုန်နေ၏။ အင်မတန် အတိုင်အဖောက်ညီသော ဆရာတပည့်ပင်။

ရုပ်ရှင်တစ်ကားကို ဘယ်လိုရိုက်မည်တော့မသိ။ ဘာမှလည်း ပါလာပုံမပေါ်။

ဒါကို အလုပ်မရှိအလုပ်ရှာနေသော ဆန်းတင်မောင်တြိဂံကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာများက

"ထမင်းလည်း ကျွန်တော်တို့အဖွဲ့ တာဝန်ယူချက်ပေးလို့ ရပါတယ်၊ ကျွန်တော်တို့အဖွဲ့က အလုပ်ရှိဖို့သာ အဓိကပါ"

အင်မတန် အလုပ်မရှိ အကိုင်မရှိမှန်း သိသာလှသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ရှုတင်ထမင်းချက်ပါ ငှားလိုက်မယ်"

ဒါ့ရိုက်တာ့စကားကို မောင်မောင်က တင်အောင်ကို တံတောင်နှင့်တွတ်ရင်း

"မင်းဟာက ဟုတ်ရောဟုတ်သေးရဲ့လားကွာ"

သိန်းဆန်းက ဝင်၍

"လူက ဘယ်နှစ်ယောက်စာ ချက်ရမှာလဲ"

"လူတစ်ရာစာ"

တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကြသည်။ နောက် သက်ပြင်းချပြီး


"သဘော်ပေါ်မှာတောင် အဲသလောက် ချက်ရတာပဲကွာ ဖြစ်ပါတယ်"

"ဒါ ဒါဆို အလုပ်ဖြစ်ပြီပေါ့နော်"

"Ok"

"တစ်ခုခုကြောင့် မလုပ်ဖြစ်ရင် သုံးကားစာ လျော်ရမှာနော်၊ စာချုပ် ချုပ်ရမယ်"

"ချုပ်မယ်ဗျာ"



ထမင်းလည်း
ကျွန်တော်တို့အဖွဲ့
တာဝန်ယူချက်ပေး
လို့ ရပါတယ်၊
ကျွန်တော်တို့
အဖွဲ့က
အလုပ်ရှိဖို့သာ
အဓိကပါ





ဟုတ်သည်ရှိ မဟုတ်သည်ရှိ၊ နောင်ခါလာနောင်ခါစေး။ ယခု အလုပ်ရှိဖို့သာ နံပါတ်တစ် မဟုတ်ပါလား။

"ဒါဆို အလုပ်ဖြစ်ကြောင်း လက်ဆွဲနှုတ်ဆက်လိုက်ရအောင်"

အားလုံး ငုတ်တုတ်ထိုင်ရာမှ မထဘဲ လက်ဆွဲနှုတ်ဆက်လိုက်သည်။ နောက်တော့ သတိပဲမေ့နေလို့လား၊ ဝမ်းသာလွန်း၍ပဲ ဖင်သီပြီး မထနိုင်တော့တာလားတော့ မသိ။ ဖင်တွန်းဖင်တွန်းနှင့်ပင် အားလုံး ကမ်းခြေဘက်သို့ ဦးတည်သွားကြသည်။ ပင်ကွင်းငှက်တွေအတိုင်း။

×××



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ဝမ်းသာစရာသတင်း ပြောရဦးမယ်ဟေ့"

ကုမ္ပဏီစထောင်ကတည်းက ပထမဆုံး မီတင် (Meeting) ခေါ်ဆိုခြင်းပင်။

ကောင်မလေး ဆယ့်ငါးယောက်ကတော့ ဒီလူကြီးတွေ ဘာအကွက်ထွင်ပြန်ပြီလဲဟူသော အကြည့်နှင့် ပြူးကြောင်ကြည့်နေကြသည်။





"နောက်နေ့ကစပြီ မင်းတို့တွေ ကုမ္ပဏီအလုပ်တွေ တာဝန်ကျေအောင် ဆက်လုပ်ရမယ်"

အားလုံး ဝမ်းမသာဘဲ သူတို့ကိုသာ ကြောင်ငေးကြည့်နေကြသည်။ အတန်ကြာမှ ပပဝင်းက မယုံမရဲနှင့်

"ကုမ္ပဏီက ဘာကုမ္ပဏီလဲ၊ အလုပ်က ဘာအလုပ်လုပ်ရမှာလဲဟင်"

သုံးယောက်လုံး ပြုံးသွားသည်။ ပြီးနောက် ပြိုင်တူ အသံထွက်လာသည်က

"မင်းသမီး"

"ရှင်"

အားလုံးမျက်လုံးကြီးပြူးပြီး အာမေဋိတ်သံ ထွက်သွားရ၏။ ပြီးနောက် တစ်ယောက်မျက်နှာတစ်ယောက် မယုံမရဲ ပြန်ကြည့်ကြသည်။ နောက်မှ လွှမ်းမေက မခို့တရို့ ထရပ်ပြီး

"ဘာမင်းသမီးလဲဟင်၊ ပွဲကရမှာလား"

ပိုင်ရှင်များ၏ ရုပ်ကိုကြည့်ပြီး မည်သူမှ မယုံရဲ၍ ဤမေးခွန်းထွက်ပေါ်လာရခြင်းဖြစ်၏။ ဒါကို ရိပ်မိသော သိန်းဆန်းက သူနဂိုပြူးမျက်နှာကို အပြုံးဆင့်လိုက်ပြီး

"ကုမ္ပဏီကို အထင်တော့ မသေးပါနဲ့၊ အခုလုပ်ရမှာက ရုပ်ရှင်မင်းသမီး"

"ရှင်"

အားလုံး အံ့အားသင့်နေကြသည်။ တချို့က ထခုန်ကုန်၏၊ မိန်းမတစ်ရာမှာ ကိုးဆယ့်ကိုးယောက်က မင်းသမီးဖြစ်ချင်ကြသည်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား။ ဒါတောင် တစ်ယောက်နှန်းတာ ဒီအထဲပါလာသည်မို့။

"သမီးက မင်းသမီးလုပ်ရတာ ဝါသနာမပါဘူး၊ အဲဒါ"

"အဲဒါဆို ထမင်းချက်လုပ်"

"အင်"

မှန်ပေသည်။ အလုပ်က ထမင်းချက်နဲ့ မင်းသမီးဟူ၍ အလုပ်က နှစ်ခုရလာသည် မဟုတ်ပါလား။

"ဟိုလေ ထမင်းလည်းမချက်ချင်"

"မင်းသမီးလုပ်"


"မင်းသမီး မလုပ်ချင်"

"ဒါဆို သုံးလစာလျော်ပြီး အလုပ်ထွက်"

"ရှင်"

အားလုံး ချည်ပြီးတုပ်ပြီးမို့ ငြင်းစရာကို မရှိတော့။ ဘာမှမလုပ်ချင်၊ ခိုင်းတာ မလုပ်ချင်လျှင် သုံးလစာလျော်ပြီးမှ ထွက်ရမည်ကိုး။ ဒါကြောင့် မောင်တင်အောင် ရင်ကော့ပြီး

"ကဲ အလုပ်က မနက်ဖြန်စမယ်၊ ဒီတော့ စဉ်းစားပါ၊ မင်းသမီးလုပ်မလား ထမင်းချက်မလား၊ နှစ်ခုထဲက တစ်ခုကို



အားလုံး မျက်လုံးကြီးပြူးပြီး အာမေဋိတ်သံ ထွက်သွားရ၏။ ပြီးနောက် တစ်ယောက်မျက်နှာ တစ်ယောက် မယုံမရဲ ပြန်ကြည့်ကြသည်။





လုပ်ရပါလိမ့်မယ်"

သူတို့၏ အမေးကို အားလုံးနှုတ်မှ ပြိုင်တူထွက်လာသည်က

"မင်းသမီး"

ဟုတ်တယ်လေ။ မင်းသမီးနှင့် ထမင်းချက်။ ဤမျှလောက် အဆင့်ကွာခြားတာ။ မည်သူက ထမင်းချက်လုပ်ချင်မည်နည်း။ ထို့ကြောင့် အလွယ်ကူဆုံး အမြင့်ရောက်နည်း။

"မင်းသမီး"

×××



www.burmeseclassic.com

www.burmeseclassic.com



ရိုက်ကွင်းတွင် သူတို့မြင်ချင်သော ရေကူးဝတ်စုံနှင့် သူတို့၏ ကုမ္ပဏီ ဝန်ထမ်းများ ကျော့ကော့နေသည်။

ကုမ္ပဏီပိုင်ရှင်များဖြစ်ကြသော သိန်းဆန်း၊ တင်အောင်နှင့် မောင်မောင်တို့မှာ မီးဖိုထဲ ချွေးတလုံးလုံးနှင့် ကုန်းရုန်းလုပ်နေရရှာ၏။ မတတ်နိုင်။ ကုမ္ပဏီထောင်ထားပြီးမှ ဝန်ထမ်းစရိတ် ခုသာခံသာ ရှိစေရန် မလုပ်





မဖြစ် လုပ်ရပေတော့မည်။

"ဟေ့ကောင် မောင်မောင် ကြက်သွန်ခွာလေ ဘာလုပ်နေလဲ"

"ခွာတာပဲကွာ၊ ကြက်သွန်နီးမွှန်ပြီး မျက်ရည်ကျလို့ ခဏနားနေတာပါကွ အဟင့်"

"မောင်တင်အောင်ရော ကြက်မွေးနုတ်နေတာ မပြီးသေးဘူးလား"

"နုတ်ပါတယ်ကွာ၊ ဒါပေမယ့် ရေနွေးတွေနဲ့ နူးပြီး အသားပွဲပွဲပါနေလို့ နုတ်ရခက်နေတာပါ။ မင်းကရော ဘာလုပ်နေတာလဲ"

"ဒီမှာ ငါက ငါးခြောက်လည်း ဖုတ်ရ ထမင်းအိုးလည်း ငှဲ့ရနဲ့ မအားရပါဘူးကွာ၊ တကတည်း ကုမ္ပဏီထောင်မိတာ မှားပြီထင်တယ်"

သူတို့ခမျာ ကုမ္ပဏီပိုင်ရှင်ဘဝနှင့် မီးကလေးများကို ခြေတော်တင် ပိုးရမည်ထင်ပြီး လုပ်ကာမှ စားဖိုမှူးဘဝကို ရနေကြသည် မဟုတ်ပါလား။

"ကဲ လုပ်စရာရှိတာ မြန်မြန်လုပ်ကြကွာ၊ တော်ကြာ ဆယ့်တစ်နာရီ ထမင်းစားချိန် မမီလို့ ကုမ္ပဏီပိုင်ရှင်တန်မဲ့ အဟောက်ခံနေရဦးမယ်"

အလုပ်ကိုကလည်း ဇယ်ဆက်သလို လုပ်ရသေးသည်။ အပြင်ကို ငဲ့ကြည့်မိပြန်တော့

"တောက် ကောင်မတွေ ကြည့်စမ်း ကောင်းစားနေလိုက်တာ၊ မင်းသားနားမှာ ဝိုင်းလို့"

ဟုတ်ပါရဲ့။ သူတို့အလုပ်ခန့်ခဲ့သော သူတို့ကုမ္ပဏီမှ အလုပ်သမားအချောအလှကလေးများ အလှတွေပြင်ပြီး ကျော့ကော့နေလိုက်တာ

ကြည့်နေရင်းနှင့် မနာလိုဖြစ်နေကြသည်။ မောင်မောင်က ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလုပ်ကွာ၊ ရိုက်ကွင်းလည်း မစသေးဘဲ၊ ဒီကောင်မတွေလည်း အားနေကြတာပဲ၊ ခေါင်ထည် တစ်ယောက် နှစ်ယောက်လောက် ခေါင်းခေါက်ယူပြီး စားဖိုထဲခေါ်ပြီး အလုပ်ခိုင်းသလိုနဲ့ ချောင်ပိတ်ပိုးရအောင်"

အားလုံး တက်ကြွသွားကြသည်။ ဤနည်းက မူလဘူတ ရည်ရွယ်ချက်လည်း မပျောက်ဘဲကိုး။

ဒါကို သိန်းဆန်းက တက်ကြွပြီး

"ကဲ ဒါဆို ငါသွားခေါ်မယ်၊ မင်းတို့ ထမင်းအိုးလေးတော့ ကြည့်ထားကြ"

သူ့စကားကို မောင်မောင်က

"ငါ့အတွက် ပပဝင်းကွာ"

တင်အောင်ကပါ အားကျမခံ

"ငါ့အတွက်က စိုးစိုးရီ"

သိန်းဆန်းက မြိန်မြိန်ကြီး ခေါင်းညိတ်ပြီး

"ရရစေမယ်၊ ငါ့အတွက်တော့ ငါ့စိတ်ကြိုက် မြတ်မြတ်မိုးလေး ဟီဟိ"

ဆိုကာ လုံချည်မ၍ ပြေးထွက်သွားလေသည်။ ကိုယ့်အလုပ်သမားကို



သူတို့ခမျာ ကုမ္ပဏီပိုင်ရှင် ဘဝနှင့် မိန်းကလေးများကို ခြေတော်တင် ပိုးရမည်ထင်ပြီး လုပ်ကာမှ စားဖိုမှူးဘဝကို ရနေကြသည် မဟုတ်ပါလား။





မီးဖိုချောင်ထဲ ချောင်ပိတ်ပိုးတော့ မည်သူက တတ်နိုင်မည်နည်း။ ထို့ကြောင့်။

×××



www.burmeseclassic.com

www.burmeseclassic.com



“ပပဝင်း၊ စိုးစိုးရီ၊ မြတ်မြတ်မိုး”

“ရှင်”

သုံးယောက်လုံး အသံက စီခနဲ ထွက်လာ၏။ သိန်းဆန်းက ခပ်တည်တည်နှင့်

“နင်တို့သုံးယောက် လာဦး”

“ဘာလို့လဲဟင်”

သုံးယောက်လုံးက အရူလည်လည်





နှင့် မေးသည်။ သိန်းဆန်းက ရင်ကော့၍

“နင်တို့သုံးယောက်လုံးကို မီးဖိုမှာ အလုပ်ခိုင်းစရာရှိလို့”

“ဘာ”

“အဲ”

တစ်ခါမှ မကြားဘူးသော အသံကြီး သုံးယောက်လုံးဆီက ပြိုင်တူထွက်လာ၍ သိန်းဆန်းပင် ကြောင်သွား၏။

နောက် သူ ကြောင်မည်ဟု ရည်စူးထားသော မြတ်မြတ်မိုးက ခါးထောက်၍

“မင်းသမီးတွေကို ထမင်းချက်ကလာပြီး ထမင်းချက်ခိုင်းတယ် ဟုတ်လား”

“ဟင်”

ထိုသို့ဆိုလိုက်မှ သူတို့မှာ ထမင်းချက်လိုင်စင် ရထားသော ကုမ္ပဏီပိုင်ရှင်မှန်း သိရတော့၏။ သို့သော် သိပ်တော့ အလျှော့မပေးချင်သေး၊ ထို့ကြောင့်

“ဘာမင်းသမီးလဲ. . . ဘယ်က



ဘာမင်းသမီးလဲ၊
ဘယ်က
မင်းသမီးလဲ၊
ငါတို့ အလုပ်ပေးလို့
နင်တို့ အလုပ်ရတာ၊
နင်တို့က ငါတို့
အလုပ်သမားပဲ၊
ငါတို့ခိုင်းတာ
မှန်သမျှ
လုပ်ရမယ်၊
မလုပ်ရင် သုံးလစာ



www.burmeseclassic.com

မင်းသမီးလဲ၊ ငါတို့ အလုပ်ပေးလို့ နင်တို့ အလုပ်ရတာ၊ နင်တို့က ငါတို့အလုပ်သမားပဲ၊ ငါတို့ခိုင်းတာမှန်သမျှ လုပ်ရမယ်၊ မလုပ်ရင် သုံးလစာ"

သူစကားပင် မဆုံးလိုက်။ ပပဝင်းက ခါးထောက်၍

"ဪ ဒီလိုလား၊ ဒီလိုဆိုလည်း ရတယ်လေ"

ဆိုကာ တစ်ဖက်သို့ လှည့်၍ မူနွဲ့နွဲ့အသံဖြင့်

"ဆရာ ဆရာ ဆရာ"

ဆိုကာ ဒါရိုက်တာကြီးရှိရာ ပြေးသွား၏။ သူ့နောက်မှ ဟိုကောင်မနှစ်ယောက်ပါ ကပ်၍။

ဒါရိုက်တာကြီးနား ရောက်သည်နှင့် လက်ကိုဆွဲ မျက်နှာကို အိုချပြီး

"ဆရာ ဆရာ လုပ်ပါဦး ဆရာ၊ အဟင့်"

အလုပ်များချင်ယောင်ဆောင်နေသော ဒါရိုက်တာ မျက်မှန်ပေါ်က ကျော်ကြည့်ရင်း

"ဘာကိစ္စလဲ သမီးတို့ရဲ့ ဟီးဟီး"

ဖိုးဖိုးရီက ခပ်တည်တည်ရပ်နေသော ကုမ္ပဏီပိုင်ရှင် သိန်းဆန်းဘက် လက်ညှိုးထိုးရင်း

"ဟို ထမင်းချက်ပေါ့ ဆရာ"

"ညင်"

ကုမ္ပဏီပိုင်ရှင်ဟု ရင်ကော့ထားသော သိန်းဆန်း ရှုံ့မဲ့စု ရင်ဘတ်ကလေးပါ ကျုံ့ဝင်သွား၏။

ဒါရိုက်တာက ရင်ကော့၍





သူကလေ
သူ့ဆီမှာ
ထမင်းဝင်ချက်
ရမယ်တဲ့၊
သမီးတို့က
မိတ်ကပ်တွေပြင်ပြီး
ဒိုင်ယာလော့ခ်တွေ
ကျက်၊ အကတွေ
ကျင့်ရမယ့်ဟာကို

"အဲဒါဘာဖြစ်တုန်း"

ပပဝင်းက ဝင်၍

"သူကလေ သူ့ဆီမှာ ထမင်းဝင်ချက်ရမယ်တဲ့၊ သမီးတို့က မိတ်ကပ်တွေပြင်ပြီး ဒိုင်ယာလော့ခ်တွေကျက်၊ အကတွေ ကျင့်ရမယ့်ဟာကို အဟင့် အဟင့်"

ဒါရိုက်တာ စိတ်ဆိုးဟန်နှင့် ဖတ်လက်စ ဇာတ်ညွှန်းစာအုပ်ကို ဖျန်းခနဲ ပိတ်လိုက်သည်။ ပြီးနောက် သိန်းဆန်းကို ခပ်တည်တည် ကြည့်ပြီး

"ဟေ့ကောင်"

"ဘာလဲ"

သိန်းဆန်းက ရှိစုမဲ့စု မာန်တင်းလိုက်သေး၏။

"မင်း ဆွဲထိုးခံထိချင်နေပြီလား"

"ဟမ်"

မျက်နှာပင် ဘယ်နားထားရမည်မသိ။ ခန္ဓာကိုယ် ပျော့ကျ၍ ဒူးပင်ခွေချင်မိသွား၏။ ဒါရိုက်တာက ခပ်တည်တည်ပင်

"ထမင်းချက်က ထမင်းချက်လိုနေ၊ ရှုတင်ကို လာမနှောင့်ယှက်နဲ့"

www.burmeseclassic.com



သိန်းဆန်း ဘာပြောရမှန်းမသိ။ နောက်မှ သတိရပြီး အသက်ကို ခပ်ပြင်းပြင်းရှူ မာန်တင်းကာ

"ဘာထမင်းချက်လဲဗျ၊ ခင်ဗျားသိတယ်၊ ကျုပ်တို့က ကုမ္ပဏီပိုင်ရှင်တွေ၊ ဒီကောင်မလေးတွေက ကျုပ်အလုပ်သမားတွေ၊ ကျုပ်တို့မတော်နပ်ရင် မလုပ်ခိုင်းလို့ရတယ်"

"မလုပ်ခိုင်းဘူးလား"

သိန်းဆန်းက မျက်နှာကြီးချီ တစ်ဖက်လှည့်ရင်း

"ဟုတ်တယ်"

"ဒါဆို သုံးကားစာ လျော်လေ"

"ဟမ်"

ဒါရိုက်တာစကား ကြားသည်နှင့် မာန်တင်းခဲ့သမျှ ပြန်ခွေကျသွား၏။

မှန်ပေ၏။

ဒီအလုပ် လက်ခံကတည်းက တစ်ခုခုကြောင့် မလုပ်ဖြစ်ရင် သုံးကားစာ ပြန်လျော်ပါ့မယ်ဆိုပြီး စာချုပ်ချုပ်ခဲ့တာကိုး။ အခုတော့ သူတို့ဘ၀က ချည်ပြီးတုပ်ပြီး။

"ဒါ ဒါကလေ အဟီး"

"မျက်နှာချိုလာသွေးမနေနဲ့၊ ဖင်ပိတ်ကန်လိုက်ရ မကောင်းရှိတော့မယ်၊ သွား ကိုယ့်အလုပ် ကိုယ်သွားလုပ်၊ ထမင်းစားချိန်ကျလို့ အဆင်သင့်မဖြစ်ရင် သိတယ်နော် သုံးကားစာ"

"ဟုတ် ဟုတ်"

သိန်းဆန်း အမြီးပါ ကုပ်သွား၏။





"လစ်"

"ဟုတ် ဟုတ်"

ဖင်ပါသီပြီး ပြန်သွားရသည်။

×××



www.burmeseclassic.com

www.burmeseclassic.com



မီးဖိုထဲတွင် အပူခံ၍ မျှော်လင့်တကြီး စောင့်နေကြသော ဟိုနှစ်ယောက်မှာ သိန်းဆန်း မြင်သည်နှင့် အားတက်သွားပြီး

"ဟော့ကောင် ကောင်မလေးတွေရော ဟီဟိ"

"အနောက်မှာထင်တယ်၊ သွားကြိုလိုက်မှ"

နှစ်ယောက်လုံးစကားကို သိန်း







ဘာထမင်းချက်လဲကွ၊ ဘာထမင်းချက်လဲ၊ တို့က ကုမ္ပဏီပိုင်ရှင်တွေ၊ သူတို့က တို့အလုပ်သမားတွေ၊ တို့ခိုင်းချင်ရာ ခိုင်းမှာပေါ့။

ဆန်းက မျက်နှာအိုချလိုက်ပြီး

"ဘယ်အနောက်မှာမှ မပါဘူး ဟော့ကောင်"

"ဟင် ဘယ်လို"

"ဘာ ဘာလို့"

နှစ်ယောက်သား အူကြောင်ကြောင်နှင့် မေးသည်။ ဒါကို သိန်းဆန်းက

"ဘာဖြစ်လို့မှ မဟုတ်ဘူး၊ ဟိုက မင်းသမီးတွေ၊ တို့က ထမင်းချက်တွေ၊ ဒါကြောင့် လာဝင်မရှုပ်ပါနဲ့တဲ့၊ ဝင်ရှုပ်ရင် ဝင်ရှုပ်ရင် ဖင်ပိတ်ကန်ခံရမှာတဲ့"

"ဟာ"

"ဟယ်"

နှစ်ယောက်လုံး မျက်လုံးပြူးသွားကြသည်။ နောက်မှ မောင်မောင်က ရင်ကော့ပြီး

"ဘာထမင်းချက်လဲကွ၊ ဘာထမင်းချက်လဲ၊ တို့က ကုမ္ပဏီပိုင်ရှင်တွေ၊ သူတို့က တို့အလုပ်သမားတွေ၊ တို့ခိုင်းချင်ရာ ခိုင်းမှာပေါ့"

"အေး အဲဒီလို ခိုင်းချင်ရင်ခိုင်းမယ်၊ သူတို့ပြောသလို မလုပ်ရင်



www.burmeseclassic.com

www.burmeseclassic.com



စာချုပ်ထဲကအတိုင်း သုံးကားစာ လျော်ရမယ်တဲ့ကွ ဟီး"

"ဟင်"

သိန်းဆန်းမှာ ရင်နှင့်မဆံ့ခံစားရ၍ မျက်ရည် (အရှည်) နှစ်စက်ပင် စက်စက်ယိုချေပြီ။ ဟိုနှစ်ယောက်မှာလည်း ပါးစပ်အဟောင်းသားနှင့် ဘာပြောရမှန်းမသိ။ ထိုစဉ် ကြားရသောအသံက

"ကဲ ရိုက်ကွင်းစမယ်ဟေ့"

ရိုက်ကွင်းပေါ် လူစုံနေပေပြီ။ သူတို့ဘာပည့်မလေးများက လှတာပတာ။

"မင်းသားက စင်ပေါ်ကနေ ကောင်မလေးတွေဆီ ခုန်ချမယ်၊ ကောင်မလေးတွေက ဆီးဖမ်းပြီး မင်းသားကို မြေမကျ လက်ဆင့်ကမ်းသဘောပေါက်တယ်နော်၊ ကဲ စမယ်"

ဇာတ်ဝင်ခန်းအရ မင်းသားက ကောင်မလေးတွေအပေါ် တကယ်ခုန်ချသည်။ ကောင်မလေးများက ဆီးဖမ်းသည်။ နောက် လက်ဆင့်ကမ်း၍

မင်းသားရုပ်က ကြည်နူးနှစ်သက်နေသည့်ရုပ်။ ပြုံးဖြီးဖြီးကြီး။

ဒါကိုကြည့်၍ ကုမ္ပဏီပိုင်ရှင်သုံးဦးမှာတော့

"ကြည့်ပါဦးကွာ၊ ငါတို့မစားရက် မသောက်ရက်ထားတဲ့ နတ်တင်လက်ဖက်၊ ဟိုကောင်နှိုက်မြည်းနေတာ"

"ဟုတ်ပ့ါကွာ၊ ကိုယ်နှစ်သက်လို့ ဝယ်လာတဲ့ အတွင်းခံဘောင်းဘီ သူတပါးတင်ပါးမှာ မြင်လိုက်ရသလိုကြီး၊ မင်းသားလက် ဝက်မြီးတဲ့ကွ၊ အဟင့် အခုလောက်ဆိုရင် အဟင့်"

"တင်ပါးမှာ ယင်နားနေတာတောင် ထင်ရှားတဲ့သက်သေ လိုဦးမှာလားကွာ အဟင့်"





မြည်တမ်းရုံကလွဲ၍ ဘာမှမတတ်နိုင်။ အဝေးက ငေးရုံသာ၊ အဝေးက ငေးကြည့်နေရုံတစ်ခုတည်းသာ။

×××

www.burmeseclassic.com

www.burmeseclassic.com



"ရှုတင်ဖြုတ်မယ်ဟော့၊ ထမင်းစားမယ်၊ ထမင်းချက်တွေ ထမင်းပွဲ ပြင်စမ်း"

ကိုယ့်စရိတ်နှင့်ကိုယ် အဟောက်ခံနေရသည်။

"ဟော့ကောင် ထမင်းချက်တွေ၊ မင်းသား မင်းသမီးနဲ့ ဒါရိုက်တာအတွက်က သီးသန့်ပြင်ရတယ်ကွ၊ နားမလည်ဘူးလား၊ ဒီမှာ ဘယ်လိုလုပ်ထားတာ





လဲကွ ဟော့"

"တုတ် ဟုတ်ကဲ့ဆရာ လုပ်နေပါပြီ"

ရှုတင်ထမင်းလည်း တစ်ခါမှ မချက်ဘူး၍ ဘယ်ကဘယ်လို လုပ်ရမှန်းမသိ။

"ဟော့ ဟင်းပွဲတွေချလေ အမြန်၊ ဗိုက်က ဆာလှပြီ"

"လာပြီဆရာ"

ကုမ္ပဏီပိုင်ရှင် ဖြစ်ပါလျက် သူတစ်ပါးအား ခွေးတလုံးလုံးနှင့် ထမင်းချက်ကျွေး ပြင်ကျွေးနေရသည်။

"ကဲ ကောင်မလေးတွေ၊ ကိုယ့်ထမင်းကိုယ် ထည့်စားကြလေ"

တင်အောင်က မနာလို မရှုစိမ့်နိုင်စွာ ပြော၏။ ဒါကို ကောင်မလေးများက

"ဘာ ကိုယ့်ထမင်းကိုယ် ထည့်စားရမယ်ဟုတ်လား၊ မင်းသမီးရှင့် ခွံ့မကျွေးရတာ ကံကောင်း"

"အင်"

အပြင်မှာ မည်သို့ပင်ဖြစ်စေ၊ အလုပ်ခွင်မှာတော့ ထမင်းချက်နှင့် မင်းသမီးက အဆင့်အတန်း အကွာကြီးပင်။

"ဟော့ မင်းသား မင်းသမီးနဲ့ ဒါရိုက်တာဝိုင်းအတွက် ဟင်းစုံချရမှာလေ၊ ဘယ်မှာလဲ ဟင်းပွဲတွေ၊ အမြန်လုပ်ပါကွ၊ မလုပ်ချင် သုံးကားစာလျော်"

"အဆင်ပြေအောင် လုပ်ပေးပါ့မယ် ဒါရိုက်တာကြီးရယ်၊ ခဏစောင့်ပါ"

အားလုံး အိုးနင်းခွက်နင်းနှင့် မနိုင်မနင်း လုပ်နေရသည်၊



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ဒီမှာ ငပိရည်တို့စရာ ချပါဦးဟေ့"

"လာပြီဆရာ"

"ဟေ့ကောင် ထမင်းချက်တွေ မင်းသား မင်းသမီးတွေ ဒါရိုက်တာတွေပဲ လူမဟုတ်ဘူးကွ၊ ငါတို့အလုပ်သမားတွေလည်း လူတွေပဲကွ၊ ဗိုက်ဆာလှပြီ ထမင်းအမြန်ခူးစမ်း"

"လုပ်နေပါပြီဆရာ"

ဘယ်သူက ဆရာမှန်းကို မခွဲခြားနိုင်။ အားလုံးကို ဆရာစွတ်ခေါ်၍ လက်မလည်အောင် လုပ်နေရသည်။

"ဟော့ လက်ဆေးရေ မချပေးဘဲ ငါတို့က ခြေထောက်နဲ့ စားရမှာလား"

"အဆင်ပြေသလို ကြည့်လုပ်လိုက်ပါဆရာ၊ အဲ လာပါပြီဆရာ"

ရှုတင်အဖွဲ့ လူတစ်ရာကျော်ကို သုံးယောက်တည်း လုပ်နေရသည်မို့ ဖင်ချချိန်၊ အဲလေ ထိုင်ချိန်တောင်မရ။

"ငါးပိရည် တို့စရာလေး လုပ်ဦးဟေ့"

"လာပါပြီဆရာ လုပ်နေပါပြီ"

"ဟော့ မင်းသမီးအကြိုက် ငါး





ဘယ်သူက ဆရာမှန်းကို မခွဲခြားနိုင်။ အားလုံးကို ဆရာ စွတ်ခေါ်၍ လက်မလည်အောင် လုပ်နေရသည်။



ခြောက်ဖုတ်လေးရော"

"ဆီဆမ်းနေပါပြီဆရာ"

ခေါ်ထားသော အလုပ်သမားများ တဟီးဟီး တဟားဟားနှင့် ပါးဖြနားဖြ စားနေချိန်ဝယ် ကုမ္ပဏီပိုင်ရှင်များက လုံချည်မနိုင် ပဝါမနိုင်။

"ဒီမှာ စားပြီးပြီ ပန်းကန်လာသိမ်းဦးဟ၊ အချိုပွဲပါ ယူခဲ့၊ လက်ဖက်ကို မမေ့စေနဲ့"

"ရပါပြီဆရာ"

အားလုံးကို လိုလေသေးမရှိ လုပ်ပေးနေရသည်။

အားလုံး ထမင်းစားပြီးချိန်တွင် ကုမ္ပဏီပိုင်ရှင် သုံးဦးမှာ စားပြီးသား ပန်းကန်ပုံကြီးနှင့် ငုတ်တုတ်ဖြစ်နေတုန်း။

"တောက် ပြောတော့ ကုမ္ပဏီပိုင်ရှင်တဲ့ကွာ၊ ကြည့်ဦး သူများစားပြီးသား ပန်းကန်က ဆေးရဦးမယ်"

"အေးလေကွာ စားထားလိုက်ကြတာလည်း မသပ်မရပ်နဲ့"

"ဒါပြီးရင်လည်း စားပွဲဝိုင်းက အမှိုက်တွေ သွားရှင်းရဦးမယ် အဟင့် ဒါလား ကုမ္ပဏီပိုင်ရှင် အဟင့် အဟင့်"

ထိုစဉ်မှာပင်

"ဒုံတုံတုံ ဒုံတုံတုံ"

"အစ်ကိုကြီးတို့ရေ ထမင်းကျန် ဟင်းကျန်လေးများရှိရင် ကျွန့်ကျဲကြပါခင်ညာ ကျွန့်ကြကြပါ၊ ကျွန်တော်လည်း အစက အစ်ကိုကြီးတို့လို ကုမ္ပဏီပိုင်ရှင်ပါပဲခင်ညာ၊ ဟောဒီချောင်းသာ ပျော်ပွဲစားထွက်ရင်းကမှ စရိတ်ထောင်းပြီး တတောင်းစားဖြစ်ရသူပါ၊ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ကုမ္ပဏီပိုင်ရှင်ချင်းအတူတူ ထမင်းကျန်လေးများ ကျွန်ုပ်တို့ပြီးပြီလား

ကုမ္ပဏီပိုင်ရှင်ချင်းအတူတူ ထမင်း ကျန်လေးများ ကျွန်ုပ်ကြပါခင်ညာ"

"ဒုံတုံတုံ"

"တီ တီ တီ"

ကြည့်လိုက်တော့ ဟိုတစ်နေ့က သူတောင်းစား။ သူတစ်ယောက်တည်း မဟုတ်။ သူ့နောက်မှာ တယောတစ် လက်နှင့် ကုမ္ပဏီပိုင်ရှင် နောက်တစ် ယောက်။

"ဟုတ်ပါတယ်ခင်ညာ၊ ကျွန်တော် တို့ ထမင်းမစားရသေးလို့ပါ"

"တီ တီ တီ"

တယောနှင့် လာနွှဲနေသေးသည်။ သူတို့ကိုမြင်တော့ မောင်မောင် စိတ် ညစ်သွားပြီး၊

"သွားပါဗျာ၊ ဒီမှာ အလုပ်များလို့ စိတ်ညစ်နေရတဲ့ကြားထဲ ခင်ဗျားတို့က တမျိုး"



ကျွန်တော်လည်း
အစက
အစ်ကိုကြီးတို့လို
ကုမ္ပဏီပိုင်ရှင်
ပါပဲခင်ညာ၊
ဟောဒီချောင်းသာ
ပျော်ပွဲစားထွက်
ရင်းကမှ
စရိတ်ထောင်းပြီး
တတောင်းစား
ဖြစ်ရသူပါ၊

သူ့စကားကြားသည်နှင့် တယော နှင့်လူက

"အဲ့ဒီစကား အဲ့ဒီစကား ၊ ကျုပ်တို့ ကုမ္ပဏီပိုင်ရှင်ဘဝတုန်းကလည်း ပြော ဖူးပါတယ်ညာ၊ နှာပေမယ့် ပုပ္ပစ္စ အခြေ



မလှတဲ့အခါမှာ ထမင်းကျန် ဟင်းကျန်လေးများ ကျွန်ုပ်ကြပါနို့"

သူ့စကားကို မယ်ဒလင်နှင့်လူက

"နုတ်ပါနှယ်ညာ၊ မကြာခင် ခင်ညားတို့နဲ့ကျုပ်တို့ ဘဝတူ ဖြစ် တော့မယ့်ဟာပဲ၊ စားမကုန်တာလေးတော့ သဒ္ဓါသင့်ပါတယ်ညာ"

အားလုံး ရှုံးတိုးရှုန့်တန့်ဖြစ်ကုန်၏။ ဟိုကပြောလည်း မမှား။ ဤအတိုင်းဆက်သွားလျှင် သူတို့ဘဝသည်လည်း ကုမ္ပဏီပိုင်ရှင်ဘဝ မှ စုတေ၍ သူတောင်းစားပင် ဖြစ်သွားနိုင်သည်။ ထို့ကြောင့် တင် အောင်က သက်ပြင်းချပြီး

"ကဲပါကွာ ကိုယ်လည်း စားမကုန်၊ ဆိုင်ပြန်သွင်းလို့လည်း ရတော့ တာမှ မဟုတ်တာ၊ ကျွေးလိုက်ပါကွာ"

ဆိုကာ ပိုနေသော ထမင်းဟင်းများကို ချကျွေးလိုက်သည်။ ကုမ္ပဏီ ပိုင်ရှင်နှစ်ယောက်မှ ထမင်းခွက် ဟင်းခွက်များကို ဝမ်းသာအားရ ဆွဲပြီး

"ကျေးဇူးပါပဲညာ၊ အနုလို ကျွေးမွေးတဲ့အတွက် ကြီးပွားကြပါစေ အလုပ်များကြပါစေ၊ အနူအညီလိုလည်း ပြောနော်"

သူတောင်းစားစကားကြောင့် အားလုံးတင်းသွား၏။

"အောင်မာ သူတောင်းစားကများ၊ ငါတို့ကို အကူအညီလိုရင် ပြော တဲ့၊ ပါးဖြတ်ရိုက်လိုက်လို့"

"အေးလေ ငါတို့က သူတောင်းစားဆီက အကူအညီတောင်းစရာ လား"

"ဆင်ခြင်ပြော၊ စားလက်စပန်းကန်ပါ ပြန်သိမ်းလိုက်ဦးမယ်"

သူတို့စကားကြောင့် သူတောင်းစားနှစ်ယောက် ရ[illegible]နှင့် ပန်းကန်လေးဆွဲပြီး

www.burmeseclassic.com

www.burmeseclassic.com



"အဟဲ ဘဝတူဖြစ်မယ့်သူမို့ စာနာစိတ်နဲ့ ပြောနေတာပါ၊ ဘာပယောဂမှ မပါပါဘူး ဟီးဟီး"

"ဟော့ကောင်"

မောင်မောင်က ထအော်သည်။

"မင်းတို့ ပြောလေကဲလေပါလား၊ စားစရာရှိတာ စား၊ သွားစရာရှိတာသွား၊ စကားမများနဲ့ ဒါပဲ"

ဒါကိုတောင် ဟိုငတိက သွားဖြဲပြီး

"အဟဲ ဘဝတူဖြစ်ခဲ့ပြီး ဘဝတူဖြစ်မှာမို့ပါ ဟီးဟိ"

"ဟော့ကောင်"

"တော်ပြီ ပြောတော့ဘူး"

ဟိုကတော့ ပြုံးပြုံးကြီးနှင့် မြိန်နေ၏။ မမြိန်နိုင်သူသုံးဦးကသာ ငုတ်တုတ်ထိုင် ကိုယ့်ခေါင်းမွေးကိုယ်နုတ်၍။

xxx





ရုပ်ရှင်လောကသားတို့ပတ်လယ် ကမ်းခြေရောက်လျှင် အားလျှားသည့်အခါ၌ ထုံးစံအတိုင်း ဖဲရိုက်လျှင်ရိုက်၊ မရိုက်လျှင် ညဖက်လူစုပြီး မီးပုံပွဲကျင်းပကြသည်မှာ ဓမ္မတာပင်။

ယခုလည်း ကျယ်ပြန့်လစ်လပ်သောနေရာတစ်ခုတွင် မီးပုံအကြီးကြီး ဖိုပြီး ရုပ်ရှင်အဖွဲ့သားများ စုံစုံညီညီနှင့် ပျော်ရွှင်စွာ မီးပုံပွဲ ကျင်းပနေကြသည်။

သီချင်းဆိုသူများက ဆို၊ ကသူများက က နှင့်၊ တကယ့်ကို နိဗ္ဗာန်



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း။ သို့သော် နိဗ္ဗာန်မရောက်ဘဲ ငရဲရောက်နေသူသုံးဦးကတော့၊

“တောက် ကြည့်စမ်းပါဦးကွာ၊ နတ်ပြည်ရောက်နေလိုက်ကြတာ”

မောင်မောင်က သူ့အဖုတ်သူဆွဲရင်း(ဆံပင်ဖုတ်ပြောတာနော်) ကြိတ်မနိုင်ခဲမရပြောသည်။ ဒါကို သိန်းဆန်းကလည်း နှစ်လုံးမြေကျထိုင်ရင်း၊

“အေးကွာ၊ ကိုယ်စားချင်လို့ ကိုယ်ရှာထားတာကို ဟိုကောင်တွေနှိုက်မြည်းနေပြီ၊ အဟင့် ကုန်ပါပြီ”

အလိုလိုနေရင်း မျက်ရည်ထွက်ချင်နေသည်။ သူတို့ခမျာလည်း ဒီခွင်ဖန်ချင်လို့ အပီအပြင်ကြံကာမှ လွဲနေရ၍ နှစ်လုံးမြေကျအေးနေရရှာသည်။ မောင်မောင်က

“ဒီအတိုင်းတော့ ကြည့်မနေနိုင်ဘူး”

“မြင်ကွင်းမရှင်းလို့လား၊ တိုးကြည့်လေ”

တင်အောင်က ခနဲ့သည်။ မောင်မောင်က

“အာ မင်းကလည်း တိုးကြည့်မှ ကွက်ကွက်ကွင်းကွင်းမြင်ပြီး ပိုအသည်းနာရမှာပေါ့။ ဟော ဟော ဟိုဒါရိုက်တာလက်တွေ့လား၊ ယင်ကောင်ယပ်တဲ့ဝက်မြီးကျနေတာပဲ လိမ်ကျစ်လိမ်ကျစ်နဲ့ မြန်လိုက်တာ”

မှန်ပေသည်။ ဒီဒါရိုက်တာ ရေဘဝဲလိုလက်အများကြီးပါလျှင် မလွယ်။

“ငါပြောတာက ဒီအတိုင်းကြည့်နေမယ့်အစား၊ တစ်ခုခုတော့လက်တုန့်ပြန်ရင်ကောင်းမယ် လို့”

နှစ်ယောက်သား မောင်မောင့်ကိုကြည့်ကြသည်။ ထိုအကြံကို စိတ်ဝင်စားကြပုံလည်း ပေါ်သည်။ နောက် တင်အောင်က

“နေပါဦးကွ၊ မင်းကသာ လက်တုန့်ပြန်ဖို့ပြောနေတာ၊ ငါတို့ကို





“နေပါဦးကွ၊ မင်းကသာ လက်တုန့်ပြန်ဖို့ ပြောနေတာ၊ ငါတို့ကို မီးပုံပွဲနား ပေးကပ်တာတောင် မဟုတ်ဘူးကွ၊ ဘယ်လို သွားလုပ်မှာလဲ”



မီးပုံပွဲနား ပေးကပ်တာတောင် မဟုတ်ဘူးကွ၊ ဘယ်လိုသွားလုပ်မှာလဲ”

သုံးယောက်သား တွေဝေသွားကြပြန်သည်။ မှန်ပေသည်။ ဒါရိုက်တာက သူတို့သရုပ်ဆောင်များကိုသာ မီးပုံနားပေးကပ်၍ စက်အဖွဲ့များ၊ ဂယ်ပါများအား လုံးဝအနားပေးမသီ။ သူတို့လို ကုမ္ပဏီပိုင်ရှင်ထမင်းချက်များအဖို့ ဝေလာဝေး။

“ဒီလိုလုပ်ကွ”

သိန်းဆန်းစကား။ အားလုံး စိတ်ဝင်စားသွားကြသည်။

“မြန်မာဗီဒီယိုကားတွေထဲကလိုပေါ့”

“ဘယ်လို”

“တို့လည်း မိန်းမဝတ်စုံတွေဝတ်ပြီး ဝင်ရောကြတာပေါ့”

“ဟာ”

“ဟင်”

သိန်းဆန်းစကားကြောင့် ဟိုနှစ်ယောက် ကြောင်သွားကြသည်။ နောက် မောင်မောင်က ခေါင်းယမ်းရင်း

“ဟာ မင်းဟာက မဖြစ်နိုင်ပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူးကွာ"

တင်အောင်ကပါဝင်၍

"မင်းတို့ကလဲကွာ၊ ဒါကဖြစ်နိုင်တဲ့ တစ်ခုတည်းသောနည်းပဲကွ၊ ဒါမှမဟုတ်ရင် တစ်သက်လုံး မင်းတို့ ဒီညကို နောင်တရနေလိမ့်မယ်"

"သိသွားရင်ရော"

မောင်မောင်က မေးသည်။ သိန်းဆန်းက

"မသိနိုင်ပါဘူးကွာ၊ ဟိုမှာမတွေ့လား၊ မိတ်ကပ်ပြင်ဝဲ့မာမီတွေတောင် ဝင်ရောနေကြသေးတာပဲ၊ နောက်ပြီး ဒါရိုက်တာကြီးလည်း မူးနေပြီ၊ လူမှန်းတောင်သိတော့တာမဟုတ်ဘူး"

ဟုတ်ပါသည်။ မိတ်ကပ်ပြင်သောမာမီများပင် မင်းသမီးများနှင့် ရောနှောပြီး ဘယ်ဟာယောကျ်ား၊ ဘယ်ဟာမိန်းမမှန်းမသိရ။ ဦးဆောင်ဒါရိုက်တာကလည်း မူးတာလန်လဲမတတ်။ နှစ်ယောက်သားစိတ်ပါသွားကြသည်။

"ဒါနဲ့ မိန်းမအဝတ်အစားတွေက ဘယ်ကရမှာလဲ"

တင်အောင်၏အမေး ဒါကိုသိန်းဆန်းက

"မိန်းကလေးတွေ အခန်းရှေ့မှာ လှမ်းထားတာတွေ့တယ်၊ ငါချောင်းနေတာ ကြာပြီ၊ ဟီဟိ"

တယ်လည်းအကွက်စေ့သည့်ကောင်။ ဒီအကွက်ကို ဘယ်ကတည်းက ချောင်းနေသည်မသိ။

"ကဲ ဒါဖြင့်အချိန်မနှောင်းခင်"

သုံးယောက်သား ပုတုပုတုနှင့် ပြေးချသွား၏။ သိပ်မကြာ





လိုက်ပါ။ သုံးယောက်သား ပုတုပုတုနှင့် ပြန်ရောက်ချလာသည်။ သို့သော် ခုနတုန်းကလို ကျားကျားလျားလျားမဟုတ်တော့။ ကန္တဲ့ကလျှနှင့် ပုလာခြင်းဖြစ်၏။

မောင်မောင်က ဂါဝန်နှင့်၊ သိန်းဆန်းက ဘောင်းဘီတိုနှင့်၊ တင်အောင်က ရေကူးဝတ်စုံနှင့်၊

"ကဲ အဆင်တော့ပြေနေပြီ၊ ဝင်လုံးကြရအောင်"

"အသင့်ပြင်"

"ပြေး"

သုံးယောက်သား လုံးနေအောင် ပြေးချသွားပြီး ဝင်ရောလိုက်သည်။

"ဟင်"

"ဟာ"

"အလို"

သူတို့ဝင်ချသွားသည်နှင့် ပျော်နေကြသောမိန်းမများ ရပ်တန့်သွား၏။ သူတို့စိတ်ထဲမှာလည်း မီးပုံပွဲထဲ လူစိမ်းဝင်လာ၍ အံ့အားသင့်သွားပုံရသည်။ ဒါကိုမသိသော ဟိုကောင်သုံးကောင်သာ

"ပျော်တယ်ဟေ့ ပျော်တယ်ဟေ့ ပျော်တယ်ဟေ့ ပျော်တယ်ဟေ့"

ဆိုကာ လှည့်ပတ်၍ ကွေးနေအောင်ကသည်။ နောက်မှ ပတ်ဝန်းကျင်ကို သတိရပြီး၊

"ပျော်တယ်ဟေ့ ပျော် ပျော် ပျော်"

သူတို့လို လိုက်မပျော်ဘဲ မျက်လုံးစိမ်းများနှင့်ကြည့်နေကြ၍ ပျော်လက်စတန်းလန်းကြီးနှင့် ဘယ်လိုဆက်ပျော်ရမှန်းမသိ။

အသံများ ရုတ်တရက် ရပ်ဆိုင်းသွားတော့ မျက်လုံးမပွင့်



www.burmeseclassic.com

www.burmeseclassic.com



အောင်မူးနေသော ဒါရိုက်တာကြီး ခေါင်းထောင်လာပြီး၊

"ဟေ့ ဘာဖြစ်"

သူ၏စကားမဆုံးမီ အခြေအနေကို ရိပ်မိသော မောင်မောင်က ဝုန်းခနဲဝင်လုံးလိုက်သည်။

"ဘုတ်"

"အင့်"

နှစ်ယောက်သား သဲပြင်ပေါ် လုံးထွေးကျသွား၏။ ဒါကို မျက်လုံးမဖွင့်နိုင်သော ဒါရိုက်တာကြီးက ဟိုစမ်းဒီစမ်းလုပ်ပြီး

"ဒါရေးက အဒူရေးရဲ"

မပီမသဆိုသံ။ မောင်မောင်က အလိုက်သင့်ပင်။

"ဟိုရေ မိန်းကရေး မိန်းကရေး"

အားလုံးက သူတို့ကို ကြောင်ကြည့်နေကြသည်။ ဤတွင် ခုံပေါ်အခန့်သားထိုင်နေသော မင်းသားက

"ဟေ့ ဘာလုပ်နေကြတာလဲ၊ ဖျော်ကြပါ"

ဆိုလိုက်မှ အားလုံး ပြန်လည်အသက်ဝင်လာကြသည်။ သို့သော် သေမလိုဖြစ်နေတာက မောင်မောင်။ မျက်လုံးမဖွင့်သော ဒါရိုက်တာက သူ့ကို မိန်းကလေးဟုပင်ထင်မှတ်ကာ အတင်းဆွဲဖက်ထားပြီး

"အာဘွား"

"ကကျွတ်"

မောင်မောင်ခမျာလည်း သူ့ဒုက္ခနှင့်သူမို့ ဘာမှမပြောသာ။ ဒါရိုက်တာကြီးက ဤမျှနှင့်မကျေနပ်။ ဝက်မြီးက ရမ်းသေးသည်။





မောင်မောင်မှာ အတင်းရုန်းသော်လည်း မရ။ ဒါရိုက်တာလက်က နေရာစုံလှည့်လည် ပျော်ပါးပြီး အောက်မြန်မာပြည်ကိုဆင်းချလာသည်။



"အို ဟဲ့ လိုက်မဆွဲနဲ့လေ"

မောင်မောင်မှာ အတင်းရုန်းသော်လည်းမရ။ ဒါရိုက်တာ လက်က နေရာစုံလှည့်လည်ပျော်ပါးပြီး အောက်မြန်မာပြည်ကို ဆင်းချလာသည်။

"ဟင်"

ဒါရိုက်တာထံမှ အာမေဍိတ်သံ။

"ဒါ ဒါကြီးဟာ ဘာကြီးလဲ"

မူးနေသည့်ကြားက ကုန်းရုန်းထရန်ပြင်သည်။ မောင်မောင်က ရိပ်မိသွားမည်စိုး၍ အတင်းပြန်ဆွဲလှဲထားပြီး

"ဘာ ဘာကြီးစမ်းမိလို့လဲ"

ဒါရိုက်တာကြီးက ကတုန်ကယင်နှင့်

"လက်တစ်ဆုပ်စာလောက် ရှိတဲ့ ထိပ်ချွန်ကြီး၊ အဲ အဲဒါ ဘာကြီးလဲ၊ ငါ ငါ စမ်းဖူးသလိုပဲ"

"ဩော် ဒါ ဒါလား၊ ဘီးလေဘီး"

"ဘာ ဘာကြီး"

"ဩော် ဘီးပါဆိုနေမှ ဒါရိုက်တာကြီးကလဲ"

"အောင်မလေး ဘီးကလည်း



www.burmeseclassic.com

www.burmeseclassic.com



ကြီးလိုက်တာ၊ ဒါကြီး ဘာလို့ ခါးကြားရောက်နေတာလဲဟင်"

"သြော် ဒါလား၊ ဒါက ဟိုလေ၊ ကမ်းစပ်မှာနေတော့ ဆံပင်လေလွင့်ရင်ဖိဖို့လေ၊ အဲဒါ ထည့်စရာနေရာမရှိလို့ ခါးကြားထဲညှပ်ထားတာ ရှင်းပြီလား"

"ဟင် ဟုတ်လို့လား"

မောင်မောင်က ဆံပင်တုပုံပျက်မှာစိုး၍ ဖိရန် တကယ်လည်း ဘီးကို ခါးကြားညှပ်ယူလာခြင်းဖြစ်သည်။ ဘီးကလည်း မိန်းမအလှပြင်ဆိုင်တွင်သုံးသည့် ဒလက်ဘီးမျိုး။ ဒါကို ဟိုက တစ်မျိုးမြင်နေခြင်းဖြစ်သည်။

ဒါရိုက်တာကြီးက ထရန်ပြင်သည်။ မောင်မောင်က အတင်းပြန်ဆွဲချထား၏။

"ငြိမ်ငြိမ်နေပါဆို"

ဒါကို လူက မူးပြီးမထနိုင်၊ စပ်စုချင်စိတ်လည်းရှိသော ဒါရိုက်တာက ဆက်စမ်းပြီး

"ဟင် ဒီစူးစူး စူးစူးက ဘာလဲ"

"သြော် အဲဒါကအမွေး၊ အဲလေ၊ အဲဒါက ဘီးစိတ်ကလေးတွေလေ၊ တစ်ပတ်လုံးအမွေးရှိ၊ အဲ အချွန်လေးတွေရှိတယ်"

"ဟင် ဟင် ဒီအလုံးကြီးက"

အတော်စပ်စုသောဒါရိုက်တာကြီးပင်။ ဘီးကိုပင် တစ်ခုချင်းစမ်းပြီး မျက်မမြင်ပုဏ္ဏားခြောက်ယောက်လို သရုပ်ခွဲနေသေး၏။

"အဲ အဲဒါက အချွန်လေးတွေတပ်ထားတဲ့ အလုံးတွေလေ၊ ဘာဖြစ်လို့လဲ"





"ဟုတ်ရဲ့လား ကိုင်ရတာ ပျော့စိပျော့စိနဲ့"

"အဲ အဲဒါက ဘီးကိုကိုင်ရင် လက်မနာအောင် ရာဘာစွပ်ထားတာ"

"ဟုတ် ဟုတ်ရဲ့လားဟင်"

"သြော် မယုံရင် ကဲ ဒီမှာကြည့်"

မောင်မောင် ခါးကြားထဲထိုးလာသော သူစမ်းမိသောဘီးကို ထုတ်ပြလိုက်တော့ ဒါရိုက်တာကြီး မျက်လုံးပြူးကာ

"ဟ ဘီးအစစ်ကြီးဟ"

သြော် ဘီးကိုမြင်တော့လည်း လန့်နေသေးသည်။

"ဒါ ဒါဖြင့်"

အခြေအနေမကောင်းမှန်း မောင်မောင်သိသည်။ ထို့ကြောင့်

"ဟိုလေ အဲဒီဘီးအကြောင်း အခန်းထဲသွားဆွေးနွေးရအောင်"

"အခန်းထဲဆွေးနွေးမယ်"

ဒါရိုက်တာကြီး ခေါင်းထောင်သွားသည်။ မောင်မောင်တအတင်းပြန်ဆွဲချရင်း

"အင်း"

"ဒါ ဒါဆို သွား သွားရအောင်၊ ဂလု၊ ဘီး ဘီးကြီးကိုယ်ကိုင်သွားမယ်"

ဒါရိုက်တာကြီး လူးလဲထလာသည်။ မောင်မောင်က သူမျက်နှာမမြင်ရအောင် ဒါရိုက်တာကြီး၏ခေါင်းကို ရင်ခွင်ထဲဆွဲညှစ်၍ ခေါ်သွားရရှာသည်။

"ဖလူး ဖလူး"

အသက်ရှူပဲ ကြပ်နေတာလား၊ အသက်ပဲရှူနေတာလား



www.burmeseclassic.com

www.burmeseclassic.com



မသိ၊ ခေါင်းကြီးငိုက်စိုက်နှင့် ဘီးကြီးပိုက်ကာ လိုက်ချလာလေတော့သည်။

သူတို့ထွက်သွားပြီး သိပ်မကြာပါ။

"ချွတ် ချွတ်"

အသံကြား၍ကြည့်လိုက်တော့ မင်းသား။ သိန်းဆန်းအား မျှတ်စပစ်၍ခေါ်နေသည်။ ပထမတော့ မထင်၍ မိန်းကလေးတွေကြား ပတ်ကနေသေးသည်။ သို့သော်၊

"ပကျွတ် ပကျွတ်"

သူ့ကိုသာစိုက်ကြည့်၍ မျက်စပစ်နေ၍ သိန်းဆန်းအံ့အားသင့်သွားသည်။ မင်းသားက အပြင်ဖက်ကို မေးထိုးပြ၍ သိန်းဆန်းကြောင်နေမိသည်။ နောက် သိန်းဆန်းလည်း ယောင်နနနှင့်မင်းသားလိုပင် အပြင်ဖက်ကို မေးထိုးပြလိုက်သည်။ မင်းသားက ဝမ်းသာသွားပြီး

"အပြင်မှာစောင့်နေမယ်"

ဟုလေသံနှင့်ပြောကာ ထွက်သွားသည်။ နောက် အမှောင်ထဲမှာရပ်၍စောင့်နေသည်။ မင်းသားကတောင် စောင့်နေ၍ သိန်းဆန်းအားနာသွားသည်။ ထို့ကြောင့် မင်းသားရှိရာသို့။

သူနားရောက်လာသော သိန်းဆန်းကို မင်းသားကပြုံးကြည့်ကာ၊

"လာ အခန်းထဲသွားစို့"

သိန်းဆန်း ရင်တထိတ်ထိတ်ခုန်သွားသည်။

"သွားပြီ၊ ကမြင်းချင်စိတ်နှင့် မိန်းမလိုဝတ်မှ ဘဝပျက်ပြီလားမသိ"

ငြင်းလည်းမငြင်းရဲ၍။

× × ×





မောင်မောင် ရေချိုးခန်းထဲဝင်ပြီး ဘာဆက်လုပ်ရမှန်းမသိ။

ဒါရိုက်တာကြီးက ဘီးကြီးကိုင်ပြီး ခုတင်ပေါ်စောင့်နေသည်။

"ချစ်လေး ရေချိုးတာကြာလှချည်လား၊ ကိုယ် မစောင့်နိုင်တော့ဘူးနော်"

ဒါရိုက်တာကြီး အသံကြားတော့ ခေါင်းနပန်းကြီးကြီးသွားရသည်။ ခဏလွှတ်ရင်ပြီးရော ရေချိုးဦးမည်ဆိုပြီး ရေချိုးခန်းထဲဝင်ပြီး ရေပန်းဖွင့်ထား၍ အဝတ်အစားများ စိုရွှဲပြီး ချွတ်ပင်ထားရသည်။

www.burmeseclassic.com



"မပြီးသေးဘူးလား၊ ကိုယ်လာမယ်နော်၊ ကိုယ်တို့က ရေချိုးခန်းသော အိမ်သာသော ရေခဲသေတ္တာသောရှောင်တာ မဟုတ်ဘူးနော်၊ သိတယ်မဟုတ်လား၊ ကိုယ်တို့က ဘီးသမား၊ ဝင်ဖီးယည့်လိုက်မှာ"

"လာ လာပြီ၊ ပြီးပါပြီ"

မောင်မောင် ဘယ်လိုလုပ်ရမှန်းလဲမသိ။ အဝတ်အစားတွေကလည်း မရှိတော့။

"ကဲ ပြောနေကြာတယ်၊ ကိုယ်လာပြီ"

ဆိုကာ စိတ်မရှည်သောဒါရိုက်တာကြီး ပြေးလာပြီး ရေချိုးခန်းတံခါးကို ဆွဲဖွင့်လိုက်သည်။ ပြင်ဆင်ချိန်မရလိုက်သောမောင်မောင် ရေချိုးခန်းတံခါးဝတွင် ဘီးကြီးကိုင်ပြီး ပြုံးဖြီးဖြီးအဆီပြန်ပြန် ဒါရိုက်တာမျက်ခွက်ကြီး မြင်လိုက်ရသည်။ ဒါရိုက်တာကြီး ပြုံးဖြီးနေသောခေါင်း တဖြည်းဖြည်း နိမ့်ဆင်းလာသည်။ ကြည့်ရတာ အရသာခံကြည့်ပုံရသည်။ တော်ရုံ တန်ရုံနားရောက်တော့၊

"ဟာ"

ဒါရိုက်တာကြီး မျက်လုံးပြူးသွားသည်။ နောက် အသည်းယားစွာ ထင့် သူကိုင်ထားသော ခြောက်လက်မခန့်ရှိသောဘီးကြီးကို ညှစ်မိသည်။

"ကကျစ်"

နောက် မျက်လုံးကြီးပြူး လန့်ဖျပ်ကာ

"ဘီး ဘီး အား ဘီးကြီး ဘီးကြီး"

ဆိုကာ ကြောက်လန့်တကြား အော်ဟစ်၍ ပြေးထွက်သွားလေသည်။

"ဘီး ဘီး အား"

× × ×





သိန်းဆန်းနှင့်မင်းသား နှစ်ယောက်တည်း အခန်းထဲတွင်ရှိနေသည်။ လွှတ်လိုလွှတ်ငြား မင်းသားနှင့်ခပ်လှမ်းလှမ်းတွင် ရင်တထိတ်ထိတ်နှင့် ရပ်နေမိသည်။

မင်းသား အင်္ကျီကို လှစ်ခနဲ ဆွဲချွတ်လိုက်သည်။ ကြွက်သားအဖုဖုအထစ်ထစ်နှင့် မင်းသားခန္ဓာကိုယ်ကို ကြည့်ပြီး သိန်းဆန်းရင်တွေတုန်နေသည်။ ဒီခန္ဓာနှင့် ဒီခန္ဓာ နပန်းလုံးလည်း နိုင်မည်မဟုတ်။ အခြေအနေက မဆိုင်သည့် အပေါက် ဂလိုင်နှင့် အခေါက်ခံရမည့် အခြေအနေ။ ဘာလုပ်ရမှန်းလဲ မသိ။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုဖက်လှည့်"

"ဟင်"

မင်းသားစကားကြားတော့ သိန်းဆန်းတွန့်ဝင်သွားသည်။

"ဘာ ဘာလုပ်မလို့လဲဟင်"

"လှည့်ပါဆို"

သိန်းဆန်း ကြောက်ကြောက်လန့်လန့်နှင့် လှည့်လိုက်မိသည်။

"မကြည့်နဲ့ဦးနော်"

မင်းသား ခါးပတ်သံကြားရ၏။

"အောင်မလေး သေ သေပြီ"

သိန်းဆန်း ကြိတ်ပြီး မြည်တမ်းမိသည်။ လှည့်လည်းမကြည့်ရဲ။ အဝတ်အိတ်ထဲမှ တစ်စုံတစ်ခုထုတ်သံကြားသည်။

"သွား သွားပြီ၊ မတော်တရော်တော့ ဖြစ်ပြီ"

သိန်းဆန်း သွားကျိန်းနေစဉ်မှာပင်၊

"ပြန်လှည့်လို့ရပြီ"

မင်းသားအသံ။ သိန်းဆန်း မရဲတရဲ ပြန်လှည့်ကြည့်တော့၊

"ဟာ"

မြင်ရသောမြင်ကွင်းကြောင့် သိန်းဆန်း ကြက်သေပင်သေသွားသည်။ ခုနက ကျားကျားလျားလျား ကြွက်သားအဖုဖုနှင့်မင်းသားက အခုတော့ မိန်းမဝတ်ညဝတ်ဂါဝန်နီနီရဲရဲနှင့် ကနွဲ့ကလျရပ်နေသည်။

"မိန်းကလေးယူမလား၊ ယောကျ်ားလေးယူမလား ပြော"

"ဟင်"





မင်းသားစကားကြားတော့ သိန်းဆန်းလန့်သွားသည်။

"နှစ်ပင်"

နှုတ်မှ ရုတ်တရက် ခုန်ထွက်သွားမိ၏။ မှန်ပေသည်။ မင်းသားက ဝမ်းတမ်းမဟုတ်၊ တူးတွမ်တီးအပြည့်ကြီး။

"ပြောလေ ယောကျ်ားလေးလား၊ မိန်းကလေးလားလို့"

"ဗျာ ဗျာ အဲ"

သိန်းဆန်းဖြစ်နေပုံကြည့်၍ မင်းသားကပြုံးလိုက်ပြီး၊

"သူ့ကိုမြင်ကတည်းက တို့ကသိတယ်၊ သူလည်း တူးတွမ်တီ အပဲဆိုတာ"

ပိုးတုံးလုံးကောင်နှင့် လာတွေ့နေပြီ။ သိန်းဆန်း ပျာပျာသလဲဖြင့်

"ဟာ မဟုတ် မဟုတ်ဘူး၊ ကျွန်တော် ကျွန်မ အဲ ကျွန်တော်"

သိန်းဆန်းကိုကြည့်၍ မင်းသား မျက်မှောင်ကြုတ်သွားသည်။ နောက် သိန်းဆန်းမျက်နှာ လက်ညှိုးကောက်ကောက်ထိုးပြီး၊

"မဟုတ်ဘူးဆို၊ သူက ဘာလဲ"

"မဟုတ် မဟုတ်ဘူး၊ ကျွန်တော်က ယောကျ်ားယောကျ်ား"

"ရတယ်လေ၊ ယောကျ်ားလည်းရတယ်"

"မဟုတ် မဟုတ် မိန်းမ မိန်းမ"

"ဒါလည်းရတယ် ကိစ္စမရှိဘူး"

သိန်းဆန်း ဘယ်မှပြေးမလွတ်တော့။ ထို့ကြောင့် မတတ်သာသည့်အဆုံး

"မဟုတ် မဟုတ်ပါဘူးဗျာ၊ ကျွန်တော် ဝါသနာမပါလို့၊ ဝါသနာမပါလို့ပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို မင်းသား စိုက်ကြည့်သည်။ ပြီးနောက်

"တို့ကို စိတ်နာအောင်မလုပ်နဲ့၊ စိတ်နာအောင်လုပ်ရင် အော်လိုက်မှာနော်"

"ဘယ်လိုအော်မှာလဲဟင်"

သိန်းဆန်း မရဲတရဲမေးသည်။ ဒါကို မင်းသားက သူ့ဂါဝန်ကို အေးဆေးစွာပြန်ချွတ်ပြီး၊

"ဒီလိုပဲအော်မှာပါ"

"သူခိုး သူခိုး သူခိုး"

"ဟာ"

မင်းသား၏ကျယ်လောင်သော ကျားသံအပြည့်ကြောင့် သိန်းဆန်း ကြောင်နေသေး၏။ မင်းသားက သူ့ကို လက်ညှိုးထိုးပြီး၊

"သူခိုးတို့၊ သူခိုး၊ သူခိုး၊ လာကြပါဦး"

ထိုတော့မှ သိန်းဆန်း အခြေအနေမကောင်းမှန်းသိပြီး အခန်းတံခါးကို ဝုန်းခနဲတွန်းဖွင့်ပြီး ခြေကုန်သုတ်ရလေတော့သည်။ ဖြစ်ချင်တော့၊

"သူခိုး သူခိုး"

"ဘီး ဘီး ဘီးအကြီးကြီး"

ဟိုဖက်က ဘီးကြီးကိုင်ပြီး ကြောက်လန့်တကြားပြေးလာသော ဒါရိုက်တာကြီးနှင့် ပခုံးချင်းယှဉ်မိပြီး၊

"ဟင်၊ အား"

"အား"

နှစ်ယောက်သား ကြောက်လန့်တကြား ခြေရှိန်မြှင့်မိကြသည်။

× × ×





ရက်တွေ တရွေ့ရွေ့။

သူတို့မှာလည်း ထမင်းချက်တာဝက မတက်နိုင်သေး။ မင်းသမီးများပင် ဒါရိုက်တာနှင့် ငြိတော့မလို၊ မင်းသားနဲ့ပဲ ရည်းစားဖြစ်တော့မလိုလို၊ ကင်မရာမင်းနှင့်ပင် လင်နောက်လိုက်ပြေးတော့မလိုလို ဖြစ်နေပေပြီ။ သူတို့သာ မီးသွေးပုံကြား၊ ထမင်းအိုးကြား နှစ်ပါးသွားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြာတော့ သည်းမခံနိုင်တော့။

"တို့ရဲ့ စနစ်ကတော့ မှားနေတာတော့ သေချာပြီ"

"ဟုတ်တယ်ကွ၊ ဒီအတိုင်းသာ ဆက်သွားနေရင် လိုချင်တဲ့ ရည်းစားလည်းမရ၊ ပိုက်ဆံလည်းကုန်နဲ့ ကြာရင် ဟိုလူတွေပြောသလို တို့လည်း သူတောင်းစားဖြစ်တော့မယ်"

"ကြည့်ပါဦးကွာ၊ ပိုက်ဆံကုန်တော့ ငါတို့ ကောင်းစားတော့ ဟိုကောင်တွေ"

မှန်ပေသည်။

သူတို့ ငွေကုန်ကြေးကျရင်းနှီးပြီး ခေါ်ခဲ့သော အချောအလှလေးများ မင်းသားနားမှာတချို့၊ ဒါရိုက်တာနားမှာ တစ်ဝက်၊ အခြားဇာတ်ပို့ဇာတ်ရံနားမှာ နည်းနည်းကျဲကျဲနှင့် ပျော်ပါးနေကြသည်။

ဟိုလူက ခေါင်းပုတ်လည်းရယ်၊ ဒီလူက လက်ဆွဲလည်းပျော်၊ အခြားလူက၊ အင်း တယ်ကောင်း ။

မကောင်းနိုင်သူသုံးဦးကသာ ထုံးစံအတိုင်း ငုတ်တုတ်ထိုင်၍ ခေါင်းပေါ်က ငုတ်စိအမွေးတဖြုတ်ဖြုတ် နုတ်နေရသည်။

"ဒီအတိုင်းဆို မဖြစ်ဘူး"

"ငါလည်း စဉ်းစားနေတာ အဲဒါ"

"ဘယ်လိုလုပ်ကြမလဲ"

အားလုံး အသံတိတ်ကုန်၏။ အတန်ကြာမှ သိန်းဆန်းက

"ငါအကြံရပြီ"

"ရပြန်ပလားကွယ်"

တင်အောင်က မယုံမရဲ။ မောင်မောင်က







ဒိုကွာ ဆယ့်ငါးယောက် တောင်ဥစ္စာ၊ တစ်ယောက်မဟုတ် တစ်ယောက်တော့ လက်ခံမှာပဲ

"ခွေးဖြစ်ဦးမယ့် အကြံလား"

"ဒီလိုကွ"

ဟုတ်သည်ရှိ မဟုတ်သည်ရှိ ရှိရှိသမျှ ခေါင်းတွေ ပူးကုန်၏။

"ဒီလိုကွာ တို့ ဒီလိုမျှော်နေလို့ မဖြစ်တော့ဘူး၊ ရိုက်ကွင်းကလည်း ပြီးတော့မှာ"

"အဲဒီတော့"

"တုံးတိုက်တိုက် ကျားကိုက်ကိုက် ရဲရဲတင်းတင်း ဖွင့်ပြောလိုက်မယ်"

"သူတို့က လက်မခံရင်ရော"

"ဒိုကွာ ဆယ့်ငါးယောက်တောင် ဥစ္စာ၊ တစ်ယောက်မဟုတ်တစ်ယောက် တော့ လက်ခံမှာပဲ"

"ဟုတ်မှလည်း လုပ်ပါကွာ"

သိန်းဆန်းက သက်ပြင်းချသည်။

"တို့မှာ ရွေးချယ်စရာလမ်းမရှိတော့ဘူး၊ ရဲရဲတက် ရဲရဲတိုက်မှရမယ်"

အားလုံး အားမာန်တွေ ပြန်ပြည့်လာသယောင်။ မောင်မောင်က ဂျိုက်ကြပြီး

"ငါအရင်စမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ့ကိုလဲ"

"ပပဝင်းကို"

ထိုသို့ဖြင့် . . .။

×××





အမှောင်ထောင့်မှ မောင်မောင် သူခိုးဖမ်းမည့်ဟန်နှင့် အသေအချာ စောင့်နေသည်။

ကမ်းစပ်မှာ ရေကူးပြီး တစ်ယောက်ပြီးတစ်ယောက် တက်လာပြီ ဖြစ်သော်ငြား မောင်မောင်ကတော့ သူ့ပစ္စည်းမဟုတ်သည့်အလား လက်လွှတ်ခံ၍ သူ့ရည်ရွယ်ချက်ကိုသာ မဖြစ်မနေ စောင့်ကြပ်နေပေ၏။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲ၌ကား

“တောက် တွေ့ကရာလူကို လက်ဆွဲပြီး ရည်းစားစကားပြောလို့ ရရဲ့သားနဲ့ကွာ”

သူတို့၏ အလုပ်သမား မင်းသမီးများ တစ်ယောက်ပြီး တစ်ယောက် ရေပေါ်မှ ပြန်တက်လာပြီ။ သူ့ရေသူမလေးကတော့ ဟိုဒါရိုက်တာနား ရစ်သီရင်း ကမ်းပေါ်ရောက်မလာသေး။

ဒါရိုက်တာနှင့် သူ့ပပဝင်းမှာ ရေကျီစယ်နေကြသည်။ ထိုအခြင်းအရာကို ကြည့်၍

“တောက် နေနှင့်ဦးပေါ့ကွာ၊ ပပဝင်းလေး ငါနဲ့ရည်းစားဖြစ်ပြီးမှ ပဲ သဲသောင်ပြင်မှာ နှစ်ယောက်ပတ်ပြေးပုံကို အဲဒီဒါရိုက်တာကို ဗီစီဒီတစ်ပုဒ် ရိုက်ခိုင်းဦးမယ်”

စိတ်ထဲမှာတော့ လုံးဝမလျှော့။

ယောက်ျားတို့၏ ထုံးစံအတိုင်း တွေးလိုက်တိုင်း ကိုယ်အသာ ချည်းပင်။

ဟိုက တစ်ဖက်သားကို ငါးရံ့ပြာလူးဖြစ်နေတာကို ကြည့်ပြီး တောင်

“ဒါ ငါ့ကို အရွဲ့တိုက်နေတာပါလား”

ဟု ထင်တတ်သူတွေပဲ မဟုတ်လား။ ထို့ကြောင့် တစ်ပါးသူနှင့် ပျော်ပါးနေသည်ကိုပင် မိမိကို အရွဲ့တိုက်နေတာပဲဟူသောစိတ်နှင့် ဗီဒီယို ရိုက်နေသေး၏။ သိပ်မကြာပါ။

“ဟော လာပြီ”

သူ၏ ရေသူမလေး။ သူ၏ ငါးရံ့ပြာလူးလေး၊ ရေစိုအလှနှင့် ကမ်းပေါ်တက်လာလေသည်။





ရှင်တို့က ကုမ္ပဏီကို ပိုင်တာပိုင်တာပဲ၊ အခု ကျွန်မတို့ အတွက် ထမင်း ချက်ပေးနေရတာ မဟုတ်လား၊ ဒါဆို ထမင်းချက်ပေါ့၊ ဟုတ်ဘူးလား၊ ကုမ္ပဏီပိုင်ရှင် ထမင်းချက်ရဲ့



မောင်မောင် အမှောင်ထောင့်မှ ထောင်ချောက်ဆင်ရင်း အလှပြင် လိုက်သည်။ အခန့်သင့်ပင် သူလည်း အလှပြင်ပြီး မင်းသမီးလေး ရောက်လာ၏။

“ဟိတ် ပပဝင်း”

“အို အမေ့ လန့်လိုက်တာ”

ရုတ်တရက် မောင်မောင်ကို အမှောင်ထဲမှာ မြင်လိုက်ရ၍ ပပဝင်း လန့်သွားသေး၏။ နောက်မှ အသေအချာစေ့ကြည့်ရင်း

“ဘယ်သူများလဲလို့ ထမင်းချက် ပဲ”

ပပဝင်းစကားကြောင့် မောင်မောင် တင်းသွား၏။

“ဘာထမင်းချက်လဲ၊ ငါက နင်တို့ရဲ့ ကုမ္ပဏီပိုင်ရှင်ကွ၊ ကုမ္ပဏီပိုင်ရှင်”

ပပဝင်း ခပ်ဟဟရယ်သည်။

“ရှင်တို့က ကုမ္ပဏီကို ပိုင်တာပိုင် တာပဲ၊ အခု ကျွန်မတို့အတွက် ထမင်း ချက်ပေးနေရတာ မဟုတ်လား၊ ဒါဆို ထမင်းချက်ပေါ့ ဟုတ်ဘူးလား၊ ကုမ္ပဏီ ပိုင်ရှင် ထမင်းချက်ရဲ့”



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ် အဲ ဟုတ်ဘူး”

မောင်မောင် ဘာပြောရမှန်း မသိတော့။ ဟိုကပြောတာက ဟုတ်နေသည်ကို။ သို့သော် မှန်နေသော်ငြား သိက္ခာတော့ အကျမခံနိုင်။ မာန်တင်၍

“စကားကို ဆင်ခြင်ပြောပါ၊ ငါ နင့်ကို အလုပ်ထုတ်လို့ရတယ် သိလား”

သူ့စကားကို ပပဝင်းက ခါးထောက်၍ တစ်ဖက်လှည့်ရယ်ရင်း

“ဟား ဟား အလုပ်ထုတ်ရင် ထုတ်လိုက်စမ်းပါ၊ ကျွန်မက ရှင်တို့ ငမ်းပြီးကြိုပေးထားတဲ့ ခြောက်လစာ ရထားပြီးသားရှင့်၊ အလုပ်ထုတ် မယ်ဆို ပျော်တောင်ပျော်သေး ဟင်း ဟင်း”

“အဲ”

မောင်မောင် ဘာပြောရမှန်းမသိ။ ဟုတ်ပေ၏။ ပပဝင်းအား အလုပ်လျှောက်သည့်နေ့မှာပင် သူငမ်းကြောထပြီး ခြောက်လစာ ကြို ထုတ်ပေးထားမိတာကိုး။ သို့သော် ကိုယ်က ချည်ပြီးတုပ်ပြီး လုပ်ထား သည့်ကိစ္စ၊ ဘယ်လိုမှ အဖြည်မခံနိုင်။

“အို ဘာပဲပြောပြော အခုလို လုပ်ငန်းခွင်ထဲမှာ မင်းတို့ အလုပ် သမားတွေ ဟိုဒါရိုက်တာတွေ မင်းသားတွေနဲ့ ထည်လဲတွဲနေတာ ငါတော့ ကုမ္ပဏီပိုင်ရှင်တစ်ယောက်အနေနဲ့ အဖြစ်မခံနိုင်ဘူး”

“ထည်လဲတွဲနေတာ မဟုတ်ဘူးရှင့် ချစ်နေတာ ချစ်သူဖြစ်နေတာ”

“ဟမ်”

ဟိုက ပြန်ပက်ထည့်လိုက်သော အလုံးကြောင့် မောင်မောင် ကြောင်ပြီး ဘာပြန်ပြောရမှန်းမသိ။ နောက်မှ ဇဝေဇဝါနှင့်

“ဘာ ဘာ မင်း ဘာပြောတယ်”







ဒါရိုက်တာကြီးနဲ့ ကျွန်မက ချစ်သူ ဖြစ်နေပြီ၊ ဒါကြောင့် နောက်ကားတွေမှာ ကျွန်မကို ခေါင်းဆောင်တင် မလို့တဲ့၊ အခုတောင် ချည်ပြီးတုပ်ပြီး ဖြစ်အောင် ခေါင်းဆောင် မင်းသမီးဖြစ်ရင် လွတ်ထွက်မသွား အောင် ဒီကား ပြီးတာနဲ့

ပပဝင်းက ခါးထောက် မျက်နှာ ချီပြီး

“ကြားတဲ့အတိုင်းပဲလေ၊ ဒါရိုက် တာကြီးနဲ့ ကျွန်မက ချစ်သူဖြစ်နေပြီ၊ ဒါကြောင့် နောက်ကားတွေမှာ ကျွန်မ ကို ခေါင်းဆောင်တင်မလို့တဲ့၊ အခု တောင် ချည်ပြီးတုပ်ပြီးဖြစ်အောင် ခေါင်းဆောင်မင်းသမီးဖြစ်ရင် လွတ် ထွက်မသွားအောင် ဒီကားပြီးတာနဲ့ ဒီမှာတင် လက်ထပ်သွားမလို့တဲ့၊ ကိုင်း သိပြီလား”

“ဟာ”

မောင်မောင် လေထဲ မြောက် တက်သွားမတတ် ဖြစ်သွားသည်။

“သွားပြီ ကုန်ပါပြီ”

နှုတ်မှ အလိုလို ညည်းမိသွား သည်။ မိမိကိုယ်တိုင် ဘေထုတ်သည်မှ ရွေးထားသော ခေါင်ထည်လေးကို တစ်ပါးသူ ကောက်ရှိုးသွားပေပြီ။

ယခုတော့ ထိုသို့ကောက်ရှိုးရုံသာ မက ရေဆေး၊ အရောင်တင်ပြီး အသစ် စျေးနှင့် ထိပ်တန်းကို ပြန်ရောင်း၍ တော့မည်ကို။



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်မှာ အူလည်ကျာလည်နှင့် ဘယ့်နှယ်ပြန်ပက်ရမှန်းပင် မသိသော ဟိုဒင်းအကိုက်ခံထားရသော တောဝက်ကြီးလို ဖြစ်နေ၏။ ကိုယ့်မှာ အရှေ့ကိုလည်း ဆက်ပက်ချင်၊ နောက်ကျောကလည်းနာနှင့် ဝိုင်းကြီးပတ်ပတ်လှည့်နေ၏။ နောက် မနာလိုစိတ်တွေ ပြင်းပြလာပြီး

"နဝကလည်းဟာ အဲဒီဒိုက်တာကြီးက ဘာရုပ်မှလည်း ပေါက်တာမဟုတ်ဘဲနဲ့"

မနိုင်တော့လည်း မဆိုင်သည့်အပေါက် ရှိုးမဲ့စုဂလိုင်လေးနှင့် လှည့်ခေါက်သည်။

"ရုပ်ကြီးကလည်း မည်းသည်းနေတာ ထွီ ရွံစရာ"

မောင်မောင်၏ စကားလည်းကြားရော ပပဝင်း တင်းသွားဟန်ရှိသည်။ ထို့ကြောင့် မောင်မောင်ကို ခပ်တည်တည်ကြည့်ပြီး

"ဒီမှာ သူများကို လျှောက်မပြောနဲ့ ကိုယ့်ရုပ်ကရော ဘယ်လောက်သားနားနေလို့လဲ"

မောင်မောင် ရင်ကော့ပြီး

"ငါ့ရုပ်က ဘာဖြစ်နေလို့လဲ"

"ဘာဖြစ်နေလို့လဲ ဟုတ်လား၊ ခေါင်းမွေးက ခြေဖျားထိ ပြောပြရမလား"

"ပြော"

မောင်မောင်က သူ့ရုပ်ကို သူယုံ၍ ခပ်တည်တည် ရင်ကော့ပြောသည်။ ပပဝင်းက မောင်မောင့်ကို စေ့စေ့စပ်စပ်ကြည့်ပြီး

"ဟောဒီခေါင်းပေါ်က အမွေးက စပြောမယ်"





မှန်ပေသည်။ မောင်မောင့်ခေါင်းမွေးက ပပဝင်းပြောသည့်အတိုင်းပင်။ သဘော်ာပေါ်မှာ နေလောင်ထားသည်ကိုး

မောင်မောင် သူ့ခေါင်းမွေးသူ ယောင်ကိုင်မိသည်။ ဒါကို ပပဝင်းက

"ဟုတ်တယ် အဲဒီအမွေးပဲ၊ နီရဲရဲ ကောက်ခွေခွေ ကျိုးတိုးကျဲတဲနဲ့"

မှန်ပေသည်။ မောင်မောင့်ခေါင်းမွေးက ပပဝင်းပြောသည့် အတိုင်းပင်။ သဘော်ာပေါ်မှာ နေလောင်ထားသည်ကိုး။

"အမှန်တော့ ဒီလိုအမွေးက ဒီလိုနေရာမှာ မရှိသင့်ဘူး"

"ဟမ်"

ပပဝင်းစကားကြောင့် မောင်မောင်ကြောင်သွားသည်။

"ဟုတ်တယ်၊ မြင်တော့မြင်ဖူးတယ်၊ ဒါပေမယ့် ဒီအမွေးမျိုးက ဒီလိုနေရာမှာတော့ မဟုတ်ဘူး"

"ချိုင်း ချိုင်းမွေးလားဟင်"

မောင်မောင် ယောင်တောင်တောင်မေးသည်။

ပပဝင်း မျက်မှောင်ကြုတ်စဉ်းစားသည်။ နောက် ခေါင်းခါပြီး

"မဟုတ်ဘူး၊ ချိုင်းမွေးက နည်းနည်းဖြောင့်တယ်၊ ဒီကောက်ကွဲ ဒီ

www.burmeseclassic.com



လောက်ကောက်ပြီး ဒီလောက်မရှုပ်ဘူး၊ ချိုင်းထက် နည်းနည်း အောက်ကျတယ်ထင်တယ်၊ အသေအချာ မကြည့်ရဲလို့ မကြည့်ခဲ့တာ ဘယ်နားပါလိမ့်"

"ဟမ်"

သေချာပြီ။ ဒီအမွေးက ချိုင်းထက်အောက်ကျတယ်ဆိုတော့ သေချာပြီ။

တစ်မွေးတည်း ရှိတော့တာ။

"သွား သွားပြီထင်တယ်၊ ဘယ်ကအမွေး ခေါင်းပေါ် ပေါက် တင်မိပါလိမ့်"

သူ စဉ်းစားနေတုန်းမှာပင်

"သြော် သိပြီ၊ ကုလားရင်ဘတ်မွေး၊ ကုလားရင်ဘတ်မွေး"

"ဟူး"

တော်ပေသေးရဲ့ ကုလားကြီး ကယ်ပေလို့၊ နို့မဟုတ်ရင် ထင်တာ မှန်တယ်။

"နောက် ဟောဒီနဖူး"

မောင်မောင် ယောင်ပြီး နဖူးပြန်စမ်းသည်။

"နဖူးက ဘာဖြစ်လို့လဲဟင်"

ပပဝင်းက လက်ညှိုးလေး တလှုပ်လှုပ်နှင့်

"ဒီဟာကြီးကလည်း ဒီမှာ မရှိသင့်ဘူး"

"ဘယ်မှာ ရှိရမှာလဲဟင်"

"မြင်တော့ မြင်ဖူးတယ်၊ အသေအချာကို မကြည့်ရဲလို့ မကြည့် ဘူး၊ ဒီနေရာမှာတော့ မဟုတ်ဘူး၊ ဟိုလေ





လူရှင်တော်တွေ ပြောပြောနေတာ"

"တော် တော်ပါပြီဗျာ"

မောင်မောင် သည်းမခံနိုင်တော့။ ကြာလျှင် သူ့ဘဝက လူစင် စစ်က ဖြစ်ချင်တာ ဖြစ်ကုန်လိမ့်မည်။ ဒါကို ပပဝင်းက

"နေဦးလေ ကျန်သေးတယ်၊ အဓိကပြောရမယ့် အစေ့နှစ်စေ့ ရှိသေးတယ်"

"တော်ပါပြီဆိုနေမှဟာ"

ပပဝင်း ခပ်ဟဟာရယ်သည်။

"ဒါဆို ကိုယ့်ဘဝကိုယ် ရိပ်မိပြီဟုတ်"

"ဟုတ် ဟုတ်ကဲ့"

မောင်မောင် ဝန်ခံလိုက်ရသည်။ ဝန်မခံလျှင် ပိုဆိုးလာမည့် အခြေအနေရှိသည်ကိုး။ ဆံပင်နှင့် နဖူးမှာတင် ပိုးဆိုးပက်စက် အပြောခံလိုက်ရ၍ ကြီးမားသော နှာခေါင်း၊ ပြဲသော အာဘက်ကို အရောက်မခံနိုင်ရခြင်းဖြစ်သည်။ ဆက်ပြောလျှင် မျက်နှာတစ်ကွက်နှင့် တင် သတ်သေရဖွယ်ရှိ၏။ ပပဝင်းက မေး၍ မောင်မောင်က ဖြေရ သည်။

"ဒါဆို ဘာလုပ်ရမှာလဲ"

"ကိုယ့်လမ်းကိုယ်လျှောက်ရမှာပေါ့"

"အလုပ်က "

"ရိုးရိုးထမင်းချက်ပါ"

"ကျွန်မက "

"မင်းသမီးပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် ကိုယ့်အလုပ်ကိုယ် "

"လုပ်"

"လစ်"

"ဟုတ်"

တကယ်ကို အမြီးကုပ်၍ လစ်ခဲ့ရပါသည်။ ဘာမှလည်း ဆက်မပြောရဲ။ ဟိုကလည်း ရုပ်ရှင်လောကထဲ သုံးလေးရက် ရောက်ရုံနှင့် ပိုးဆိုးပက်စက်က ပြောတတ်ပြီ မဟုတ်လား။

ထိုနည်းတူစွာ . . .။

×××





"မြှတ်မြှတ်မိုး"

"ဟင် ရှင် ဩော် ဘယ်သူများလဲ လို့ နာမည် ဘယ်သူ"

"သိန်း သိန်းဆန်းလေ ကုမ္ပဏီပိုင်ရှင်"

"ဩော် အော်တိုထိုးပေးရမှာလား၊ ပေးလေ စာရွက်နဲ့ဘောလ်ပင်"

"ဟုတ် အဲ အာ ဘယ့်နှယ့်အော်တိုထိုးရမှာလဲ၊ နင့်ကို [illegible] ပြောစရာ



www.burmeseclassic.com

www.burmeseclassic.com



ရှိလို့"

"မအားသေးဘူးနော်၊ ဂျာနယ်တွေမှာ လိပ်စာရှာပြီး စာရေးပို့လိုက်၊ သွားပြီ တာ့တာ"

"ဟင် ဘာ ဘာ "

သိန်းဆန်းခမျာ ဘာမှမပြောလိုက်နိုင်။ မှိုင်နေသော မျက်နှာပိုအို၍သာ။

သုံးလေးရက်အတွင်း အချိုးတွေက တရားဝင် ပြောင်းကြပြီကိုး။

သူက တော်ပါသေးသည်။ မောင်တင်အောင်က ပိုဆိုးပါသည်။ စိုးစိုးရီကို ရည်းစားစကားပြောဖို့ အသွား၊ ဖိနပ်ပါ သိမ်းခိုင်း၍ သိမ်းပေးခဲ့ရသည်ဟူ၏။

ထိုသို့ဖြင့် . . . ။

xxx





"အဖြစ်အပျက်က အဲဒီလိုပါပဲဗျာ၊ ကျုပ်ကလည်း ဒါရိုက်တာသက်တမ်း နှစ်ပေါင်းနှစ်ဆယ်မှာ မင်းသမီးမော်ဒယ်တွေနဲ့ လက်ပွန်း တတီးမက"

မကၤက ပါသေးသည်။ လက်ပွန်းတတီးမကလျှင် ဘာပွန်းတတီး ရှိသေးသနည်း။

ဒါရိုက်တာပေမယ့် အိုက်တင်ကမည့်။ ရုပ်ဆိုးလွန်း၍ မင်းသားမဖြစ်




www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပုံရ၏။

“ကြုံခဲ့ရပေမယ့် ခင်ဗျားတို့ရဲ့ ပပဝင်းနဲ့မှ ဟောဒီရင်ဘတ်ကြီး တဆတ်ဆတ်ခုန်ပြီး ဟောဒီမျက်လုံးထဲက ဘာဇယားမှ ဆွဲလို့မရဘဲ သူမရဲ့ အလန်းပုံရိပ်လေးတွေသာ ဦးနှောက်ထဲ အကြီးကြီး စားခဲ့ရပါပြီဗျာ”



ကြုံခဲ့ရပေမယ့်
ခင်ဗျားတို့ရဲ့
ပပဝင်းနဲ့မှ
ဟောဒီရင်ဘတ်ကြီး
တဆတ်ဆတ်ခုန်ပြီး
ဟောဒီမျက်လုံးထဲက
ဘာဇယားမှ
ဆွဲလို့မရဘဲ သူမရဲ့
အလန်းပုံရိပ်လေး
တွေသာ
ဦးနှောက်ထဲ
အကြီးကြီး
စားခဲ့ရပါပြီဗျာ

ဘာစကားတွေမှန်းတော့မသိ။ သူတို့ကို လာပြောနေတော့လည်း ပါးစပ်အဟောင်းသားနှင့် နားထောင်နေရလေသည်။

“အခုတော့ နှစ်ယောက်သား မြင်နေရသော်ငြား မနေနိုင် မထိုင်နိုင်ဖြစ်၊ ပုစဉ်းရင်ကွဲလို ‘မင်းကိုချစ်တယ် မင်းကိုချစ်တယ်’ လို့ ရင်ကွဲအောင် အော်နေရမယ့် အနေအထားမို့ နှစ်ပြားပဟေဆက် အဲလေ နှစ်ပါးဂဟေဆက် ရွှေလက်တွဲထားမှ နှစ်ယောက်သား ချည်ပြီးတုပ်ပြီး ဖြစ်တော့မှာကိုး”

အားလုံး ငုတ်တုတ်ထိုင်ငေါင် နားထောင်နေရသည်။

“သူကလည်း . . ခေါင်းဆောင်မင်းသမီးဖြစ်နိုင်တဲ့ အနေအထား၊ ကျုပ်ကလည်း နာမည်ကြီး ဒါရိုက်တာ





ဖြစ်မှာမို့ တစ်ယောက်ကိုတစ်ယောက် ချည်ပြီးတုပ်ပြီးဖြစ်အောင် လက်ထပ်ထားမှ သေချာတော့မှာကိုး”

ဘာရည်ရွယ်ချက်နှင့် လာပြောနေမှန်းလည်း မသိ။ ကြွားနေတာလားမသိ။ မကြွားချင်ဘဲ ကြွားနေရသည်။

“ဒီမှာ ကျွန်တော် လုပ်ချင်တာက မင်္ဂလာပွဲကို ထူးထူးခြားခြားဖြစ်အောင် ကမ်းခြေမှာဗျာ စင်တွေဆောက်၊ ဆက်တင်တွေဆင်ပြီး မင်းသား မင်းသမီးတွေဖိတ်၊ ကြီးကြီးကျယ်ကျယ် ကျင်းပချင်တာ အခုလည်း ဖိတ်စာတွေရိုက်ပြီး ဝေပြီး ဖိတ်ပြီးပြီ၊ အခု ခက်နေတာက မင်္ဂလာပွဲကို မင်္ဂလာရှိအောင် တီးခတ်ပေးမယ့် မင်္ဂလာတီးဝိုင်းပဲ လိုနေတော့တာ”

သူတို့ကို ဘာအကြောင်းနှင့် လာပြောနေမှန်းကို စဉ်းစားမရသေး။

“ခင်ဗျားတို့လည်း သိတဲ့အတိုင်း၊ ကျွန်တော့်မှာလည်း အလုပ်တွေ များလွန်းလို့ ရှေ့သွားနောက်မေ့ ဖြစ်နေတာ၊ အခုလည်းဗျာ မင်းသား မင်းသမီးတွေတော့ အားလုံးကိုတော့ ဖိတ်ပြီးပြီဗျာ၊ အဓိကကျတဲ့ အစားအသောက်နဲ့ တီးဝိုင်းကို စီစဉ်ဖို့ မေ့နေတာဗျ”

ဘယ်အချိန်ကတည်းက ကြိုတင်စီစဉ်ထားမှန်း မသိ။ ဖိတ်စာတောင် ဝေပြီးပြီတဲ့။

မောင်မောင် စိတ်နာစွာ ကိုယ့်ခေါင်းမွေးကိုယ် နုတ်နေမိသည်။ ပါသွားပြီလေ၊ ကိုယ့်လေဘေးခေါင်းထည်လေး။

“အဲဒါဗျာ ခင်ဗျားတို့ကုမ္ပဏီက ပေါက်ပေါက်ရှာရှာတွေ ရှိတာတဲ့လို့ ကုမ္ပဏီကိုများ အဟောင်းဆိုင်ထင်နေလားမသိ။

‘အစားအသောက်တော့ ပေါ်ချောင်ကောင်း ခင်ဗျားတို့ ကုမ္ပဏီပဲ အပ်မှာပါ၊ ခက်တာက ဟင်္ဂလာတီးဝိုင်းဗျ”



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင် ခေါင်းထောင်သွားသည်။ နောက် သိန်းဆန်း ခေါင်းထောင်လာ၏။ နောက် တင်အောင်။ ကြက်မျှားအလား တစ်ယောက်ခေါင်း တစ်ယောက် ကြည့်ကြသည်။ အကြံထုတ်ကြတာလည်း ဖြစ်နိုင်သည်။

"အဲဒါ မင်္ဂလာတီးဝိုင်းဗျာ မင်္ဂလာတီးဝိုင်း"

မောင်မောင်က လက်ထောင်၍

"ရှိတယ်ဗျာ မင်္ဂလာတီးဝိုင်း ရှိတယ်"

ဒါရိုက်တာကြီး မျက်ခုံး မြင့်တက်သွား၏။ နောက် မောင်မောင့်နား ပြေးလာပြီး

"မင်္ဂလာတီးဝိုင်း ရှိတယ်ဟုတ်လား၊ ဘယ်မှာလဲ ဘယ်လောက်နဲ့ ငှားရမှာလဲ၊ မြန်မြန်ပြောစမ်းပါ"

မောင်မောင်က ခေါင်းညိတ်ပြီး

"ရှိတယ် သိပ်ကောင်းတဲ့ မင်္ဂလာတီးဝိုင်း"

ဟိုနှစ်ယောက်က တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြသည်။ မောင်မောင်က ခပ်တည်တည်ပင်။



ဒါရိုက်တာနဲ့ မင်းသမီး ပင်လယ်ကမ်းခြေမှာ မင်္ဂလာဆောင်ပြီဆိုကတည်းက သိပ်ကိုထူးခြားတဲ့ မင်္ဂလာပွဲဖြစ်နေပြီ၊ အဲဒီမှာ မင်္ဂလာတီးဝိုင်းက ဒရမ်တွေ၊ ဂီတာတွေနဲ့ ဆူဆူညံညံဆို ကမ်းခြေအလှနဲ့ မလိုက်သလို ဖြစ်နေမယ်





"ဒီလိုဗျ၊ ဒါရိုက်တာနဲ့ မင်းသမီး ပင်လယ်ကမ်းခြေမှာ မင်္ဂလာဆောင်ပြီဆိုကတည်းက သိပ်ကို ထူးခြားတဲ့ မင်္ဂလာပွဲဖြစ်နေပြီ၊ အဲဒီမှာ မင်္ဂလာတီးဝိုင်းက ဒရမ်တွေ၊ ဂီတာတွေနဲ့ ဆူဆူညံညံဆို ကမ်းခြေအလှနဲ့ မလိုက်သလို ဖြစ်နေမယ်"

"အဲဒီတော့"

ဒါရိုက်တာကြီးက သိလိုဇောနှင့် မေးသည်။

"အဲဒီတော့ မင်္ဂလာပွဲလည်း ပိုလှသွားအောင် မင်္ဂလာပွဲလည်း ငြိမ့်ငြိမ့်ညောင်းညောင်းဖြစ်သွားအောင် ဝိုလေး၊ တယောလေး၊ မယ်ဒလင်လေးနဲ့ဆို ပိုမလှသွားဘူးလား"

သူ့စကားကို ဒါရိုက်တာကြီးက အားရဝမ်းသာနှင့်

"ဟုတ်ပ့ါဗျာ ကြိုက်ပြီ၊ အဲဒီအစီအစဉ်ကို ကြိုက်ပြီ၊ အဲဒီအတီးသမားတွေက"

မောင်မောင် ရင်ကော့ပြီး

"ကျုပ်စီစဉ်လိုက်ပါမယ်ဗျာ၊ အဲ့ဒီကိစ္စအတွက် ခေါင်းအေးအေးထား အွတ်"

တင်အောင်က မောင်မောင်ကို တံတောင်နှင့် တွတ်၏။ ဒါကို မောင်မောင်က ခပ်တည်တည်ပင် မသိချင်ယောင်ဆောင်နေလိုက်သည်။

ဒါရိုက်တာကြီးက ဝမ်းသာနေပြီး

"ဒါဆို ခင်ဗျားတို့ဆန်းတင်မောင်ကုမ္ပဏီကိုပဲ အစားအသောက်နဲ့ တီးဝိုင်းကိစ္စ လွှဲလိုက်တော့မယ်၊ အားလုံး ချည်ပြီးတုပ်ပြီးနော်"

မောင်မောင်ကလည်း ဝမ်းသာအားရပင်



www.burmeseclassic.com

www.burmeseclassic.com



"ချည်ပြီးဘုပ်ပြီးပါဗျာ"

"ဒါဆို မင်္ဂလာဝတ်စုံကိစ္စ ပြောလိုက်ဦးမယ်၊ အားလုံး စိတ်ချမယ် ဗျို့"

ဟုဆိုကာ ဒါရိုက်တာကြီး ဝမ်းသာအားရ ပြေးထွက်သွားဏ်။

×××





ဒါရိုက်တာကြီး မရှိတော့မှ တင်အောင်က မောင်မောင့်ကို

"ဟေ့ကောင် မင်းဟာ ဟုတ်သေးရဲ့လားကွာ"

"ဘာလို့မဟုတ်ရမှာလဲကွ"

"မင်းတီးဝိုင်းဆိုတာ"

"အသာနေစမ်းပါကွာ"

မောင်မောင် တစ်ဖက်သို့လှည့်သွား၏။ ဒါကို သိန်းဆန်းက လိုက်မှ



www.burmeseclassic.com

www.burmeseclassic.com



"မင်းလုပ်ပုံ သိသွားရင် အားလုံး အရှက်ကွဲကုန်မှာနော်"

မောင်မောင်က ခပ်ဟဟရယ်ရင်း

"ငါက မသိမှာတောင် စိုးရိမ်မိတယ်"

"ဟာ မင်းဟာကလည်းကွာ"

"အေးလေ မကြံကောင်း မစည်အပ်ကြီး"

နှစ်ယောက်လုံး ညည်းကြသည်။ ဒါကို မောင်မောင်က

"ဒီမှာ ဟောကောင်တွေ မကြံကောင်း မစည်အပ်က ငါတို့မဟုတ်ဘူးကွ၊ သူတို့တွေ"

"ဘာလို့"

"မင်းတို့ပဲ စဉ်းစားကြည့်လေ၊ ကိုယ်က လိုချင်လို့ ကုမ္ပဏီထောင် အလုပ်တွေ ပေးလုပ်ခဲ့ရတာ၊ ကဲ စားတော့ သူများက ဝင်စားသွားတယ်၊ ဒါကို မင်းတို့ စိတ်မနာကြဘူးလား"

နှစ်ယောက်လုံး တွေသွားကြသည်။ မှန်၏။ သူတို့ စိတ်နာမည်ဆိုလည်း စိတ်နာစရာချည်းသာ

"ဒီလောက် စိတ်နာစရာကောင်းတာမျိုး ဘယ်မှာရှိမှာလဲ၊ စိတ်နာစရာကောင်းရင် ဘာပြန်လုပ်ရမှာလဲ"

"လက်စားချေရမှာပေါ့"

သိန်းဆန်း ပါးစပ်မှ လွှတ်ခနဲ ထွက်သွား၏။ ဒါကို မောင်မောင်က ပြုံး၍ သိန်းဆန်းပခုံးကို ပုတ်ပြီး

"ဒါပဲပေါ့ကွာ လက်စားချေရမှာပေါ့၊ ဒီနည်းက သူတို့ကို တစ်သက်လုံး မှတ်လောက်သားလောက် ဖြစ်ရမယ့် လက်စားချေနည်းပဲကွ၊ ချည်ပြီးတုပ်ပြီးလေ ဟီးဟီး"





အားလုံးတက်ကြွသွားကြသည်။ ဒါကို တင်အောင်က

"သူတို့ မသိရင်"

"တို့ပဲ ရယ်ကြတာပေါ့"

"သိသွားရင်"

"ပြေး"

×××



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာပွဲကား ကြီးကျယ်ခမ်းနားဆန်းပြားလှပါသည်။

မင်္ဂလာသဲသောင်ပြင်ဝယ် မင်္ဂလာမုခ်ဦးဝကို အဖြူရောင်ပန်းများနှင့် ဆင်မြန်းထားပြီး မင်္ဂလာစင်မြင့်ကိုပါ သဲသောင်ပြင်ပေါ် ဖြူလွှစွာ ဆောက်လုပ်ထားသည်မှာ ဒဏ္ဍာရီပင် ဆန်နေတော့သည်။ ထိုမဏ္ဍပ်ပေါ်ကမှ တယောသံ၊ ဗုံသံ ငြိမ့်ငြိမ့်ညောင်းညောင်း။





ထို့အပြင် ဧည့်သည်များအတွက် ထိုင်ခုံများကိုလည်း ဖြူလွှသော စားပွဲခင်းများ ဆင်ယင်ထား၍ သောင်ပြင်တစ်ခုလုံး ဖြူဖွေးနေသယောင်။

လာရောက်ကြသည့် ဧည့်ပရိသတ်များကလည်း နာမည်ကြီးဒါရိုက်တာ၏ မင်္ဂလာပွဲမို့ထင် နာမည်ကျော် မင်းသား မင်းသမီးများနှင့် ဂုဏ်သရေရှိ လူကြီးလူကောင်းများပင်။

အားလုံးက ထူးဆန်းသော အခင်းအကျင်းနှင့် ထူးဆန်းသော မင်္ဂလာပွဲမို့ အားလုံး တက်ကြွပျော်ရွှင်နေကြသည်။

"ကြွရောက်လာကြတဲ့ ဂုဏ်သရေရှိ လူကြီးမင်းများအပေါင်းနှင့် မင်းဧည့်ပရိသတ်အပေါင်းတို့ခင်ဗျာ၊ မင်္ဂလာအခါ ကျရောက်ပြီမို့ နေရာယူပေးကြပါရန် ပန်ကြားအပ်ပါသည်ခင်ဗျာ"

အားလုံး နေရာယူလိုက်ကြသည်။ အားလုံးက စိတ်ဝင်စားလျက်။

"မင်္ဂလာ သတို့သား မင်္ဂလာသတို့သမီးများ မင်္ဂလာအချိန် ကျရောက်ပြီမို့ မင်္ဂလာစင်မြင့်ထက်သို့ ကြွရောက်နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျာ"

လာပါပြီ။ မင်္ဂလာသတို့သားနှင့် မင်္ဂလာသတို့သမီး။

ဆန်းတင်မောင်ကျူပွင့်ကြီးမှ မော်ဒယ်လေး ဆယ့်လေးဦးကို တစ်ဖက်ခုနစ်ဦးစီ ခြံရံ၍ ကြွရောက်လာပါပြီ။

သတို့သမီးအရံ မော်ဒယ်လေးများမှာ ရေကူးဝတ်စုံလိုလို မင်္ဂလာသတို့သမီးအရံလို ဝတ်စုံအဖြူများနှင့်မို့ ကမ်းခြေနှင့် လိုက်ဖက်လွန်းလှပါသည်။

မင်္ဂလာသတို့သားနှင့် သတို့သမီးများကလည်း အဖြူရောင် ရေကူးဝတ်စုံလိုလို အနောက်တိုင်းဝတ်စုံလိုလိုနှင့်မို့ ကြည့်ရတာ လွန်စွာ



www.burmeseclassic.com

www.burmeseclassic.com



ဆန်းသစ်၍ ပဏာရလေသည်။

"မင်္ဂလာသတို့သား မင်္ဂလာသတို့သမီးတို့ မင်္ဂလာလျှောက်လမ်းမှနေ၍ မင်္ဂလာစင်မြင့်သို့ ကြွရောက်တော့မှာမို့ မင်္ဂလာသီချင်းများ ငြိမ့်ညောင်းစွာ တီးခတ်ပို့ဆောင်ပေးပါခင်ဗျာ"

အားလုံး စိတ်ဝင်တစား ကြည့်နေကြသည်။ အားလုံးက ပျော်ပျော်ရွှင်ရွှင်။

သတို့သားနှင့် သတို့သမီးတို့ တစ်ယောက်လက် တစ်ယောက်ဆွဲ၍ မင်္ဂလာလျှောက်လမ်းပေါ် ခြေချလိုက်သည်နှင့် ထွက်ပေါ်လာသည့် သီချင်းက

"ပုပ္ပစ္စ အခြေမလှသူကို သဒ္ဓါတတ်အား နည်းများမဆို သနားကရုဏာ စေတနာတွေပို ပေးကမ်းစေလို"

"ဟယ်"

အခါပေးသီချင်း မဟုတ်ဘဲ သူတောင်းစားသီချင်းကြီးမို့ မင်းပရိသတ်အားလုံး ကြောင်သွားကြသည်။ နောက် ဗုံသံ၊ တယောသံ၊ မယ်ဒလင်သံနှင့် ထွက်ပေါ်လာသည်က

"အစ်ကိုကြီးတို့ အစ်မကြီးတို့ရေ





အခါပေးသီချင်း
မဟုတ်ဘဲ
သူတောင်းစား
သီချင်းကြီးမို့
မင်းပရိသတ်
အားလုံး
ကြောင်သွားကြ
သည်။ နောက်
ဗုံသံ၊ တယောသံ၊
မယ်ဒလင်သံနှင့်
ထွက်ပေါ်လာသည်



ဟောဒီလို ရွှေလက်တွဲပြီး ပျော်ပွဲဆင်နေရတဲ့အချိန်မှာ ထမင်းလေး ဆာလွန်းလို့၊

ထမင်းဖိုလေးများ ဟင်းဖိုလေးများ တစ်ကျပ်လောက် ပေးသနားပါ၊ ဒီမှာ နေ့နဲ့ ညနဲ့ ထမင်းမစားရသေးလို့ပါ"

"ဟာ"

"ဘယ် ဘယ်လို "

အားလုံး ကြောင်သွားသည်။ နောက် တယောသံ၊ ဗုံသံများနှင့် ငြိမ့်ငြိမ့်ညောင်းညောင်း။ အားလုံးတစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကြသည်။ သီချင်းသံ ကြားရတော့ သာသာယာယာ။ တီးဝိုင်းအဖွဲ့ကလည်း ပုဆိုးကွယ်နှင့် ကွယ်နေသည်မို့ မတွေ့ရ။ အားလုံး မချင့်မရဲတွေ ဖြစ်ကုန်၏။

နောက် စပ်စုတတ်သည့် မင်းသမီးတစ်ဦးက သည်းမခံနိုင်တော့၍ထင် အသာအယာနှင့် တီးဝိုင်းနား ကပ်သွားပြီး မခို့တရို့သွားမေးသည်။

"တီးဝိုင်းက သိပ်ကောင်းတာပဲနော်၊ ဘယ် ဘယ်အဖွဲ့ကလဲဟင်၊ Lazy Club ကလား၊ The Tree ကလားဟင်"

တီးဝိုင်းသမားများ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကုန်ကြ၏။ ပြီးမှ မယ်ဒလင်သမားတစ်ယောက်က မျက်လုံးလေး ကလယ် ကလယ်နှင့်

ကျွန်တော်တို့ ဘယ်အဖွဲ့အစည်းကမှ မဟုတ်ပါဘူးညာ၊ အနော်တို့က ရိုးရိုးသူတောင်းစားတွေပါခင်ညာ၊ ရိုးရိုးသူတောင်းစားတွေပါ"

"ဟယ်"

မေးမိသော မင်းသမီး မျက်လုံးပြူးပြီး သူ့ရင်ဘတ်သူ ဖိသည်။ နောက် မယုံနိုင်စွာဖြင့်



www.burmeseclassic.com

www.burmeseclassic.com



"ဘုရား ဘုရား ရိုးရိုးသူကောင်းစားတီးဝိုင်း ဟုတ်လား၊ ဟုတ်မှဟုတ်ရဲ့လားဟင်"

သူ့အမေးကို တယောဆရာက

"ဩော် ဟုတ်ပါတယ်ဆိုမှညာ၊ ဒီကမ်းခြေတစ်ရိုးမှာ သူတောင်းစားမောင်ကိုးဆို လူတိုင်းသိပါတယ်၊ ကျွန်တော်တို့က ရိုးရိုးသားသား တောင်းစားတဲ့ အလွတ်တမ်း သူတောင်းစားတွေပါ"

"ဟင် အလွတ် အလွတ်တမ်း သူတောင်းစား၊ ဒါ ဒါဆို ပုံဆရာက"

"ဩော် အစ်မကြီးရယ် ဘယ့်နှယ်ပုံရမှာလဲ၊ ဝါးဆစ်ပုံပါဗျ၊ ဟော့ကောင် မင်းဝါးဆစ်ပုံ ထောင်ပြလိုက်စမ်း"

ထောင်ပြ၏။ ဟုတ်ပါသည်။ ဝါးဆစ်ပုံအစစ်ကြီးပါ။

"အောင်မလေး"

မင်းသမီး လက်တစ်ဖက်က သူ့ရင်ဘတ်ဖိ၊ တစ်ဖက်က ခေါင်းကို ဖိပြီး ခွေလဲမလို ဖြစ်သွား၏။ နောက်မှ

"ဒါ ဒါဆို"

"ပိုက်ဆံရလို့ပါဗျာ၊ ပိုက်ဆံပိုပေး



ဩော် ဟုတ်ပါတယ် ဆိုမှညာ၊ ဒီကမ်းခြေတစ်ရိုးမှာ သူတောင်းစား မောင်ကိုးဆို လူတိုင်းသိပါတယ်၊ ကျွန်တော်တို့က ရိုးရိုးသားသား တောင်းစားတဲ့ အလွတ်တမ်း သူတောင်းစားတွေပါ





မယ်ဆိုလို့ အစ်မကြီးတို့စားတဲ့ ထမင်းတောင် ကျွန်တော်တို့ ကူချက်ပေးခဲ့တာပါဗျာ၊ သူတောင်းစား လူကောင်းလေးတွေပါ"

"ဝေါ့"

မင်းသမီး အော့အန်တော့မလို ဖြစ်သွားသည်။ နောက် ယိုင်တိုင်တိုင်နှင့် သူ့ဝိုင်းသူ ပြန်လာပြီး တပျို့ပျို့ တအန်အန်ဖြစ်နေလေသည်။ ဒါကို ဘေးနားက တစ်ယောက်က

"ဟဲ့ ဘာဖြစ်လာတာလဲ၊ တပျို့ပျို့ တအန်အန်နဲ့"

ဘေးနားက အမေးကို မင်းသမီးက အန်ချင်စိတ်ကို ထိန်းထားဟန်နှင့်

"ဝေါ့ မမေးနဲ့၊ နင်သိရင် ဝေါ့ နင်ပါ အန်ထွက်ကုန်မယ်"

မသိချင်နဲ့ဆို ပိုသိချင်သော ရုပ်ရှင်အသိုင်းအဝိုင်းထုံးစံအတိုင်း လက်အတင်းဆွဲ၍

"ဟယ် ပြောပါ သိချင်လို့ပါဆို"

မင်းသမီးက ဘယ်သူ့မှ မကြားစေချင်ဟန်နှင့် ဘေးဘီကြည့်ပြီး

"အခု အခုတီးနေတဲ့ တီးဝိုင်းက သူတောင်းစားဝိုင်းတဲ့"

ဘေးလူက ရင်ဘတ်ဖိပြီး

"ဟယ် ဟုတ်ရဲ့လားဟယ်၊ ဒါရိုက်တာကြီးရဲ့ မင်္ဂလာပွဲမှာ သူတောင်းစားတီးဝိုင်း ခေါ်တီးရတယ်လို့"

"ဒါတင်ဘယ်ကမှာလဲ၊ ဒီမှာ ချထားတဲ့ အစားအသောက်တွေလည်း အဲ့ဒီသူတောင်းစားတွေ ချက်တာတဲ့"

"ဝေါ့"

ဘေးလူကပါ အန်ထွက်မလို ဖြစ်သွားသည်။ ဒါကို နောက်တင်



www.burmeseclassic.com

www.burmeseclassic.com



ယောက်က

“ဟဲ့ ဘာဖြစ်နေကြတာလဲ”

“အဲ အဲဒါ သူတောင်းစားတီး ဝိုင်းတဲ့၊ နောက် ဒါတွေက သူတောင်း စားတွေချက်”

“ဝေါ့”

“ဟဲ့ ဘာဖြစ်တာလဲ”

“ဟဲ့ သူတောင်းစားတီးဝိုင်းတဲ့ ဝေါ့”

“ဟင် သူတောင်းစားတွေ”


“သူတောင်းစားတွေ ဟုတ်လား”

တစ်ဆင့်စကား တစ်ဆင့်နားနှင့် မင်္ဂလာပွဲတစ်ခုလုံး ကျွက်ကျွက်ညံသွား၏။ ဒါကို မရိပ်မိသေးသော သတို့သား၊ သတို့သမီးတို့က စင်ပေါ်တွင် ပြုံးပြုံး ကြီး ပဏ္ဏာယူနေတုန်း။

ဖြစ်ချင်တော့ ပရိဂျူဆာကြီးတစ် ဦးစားနေသော ဟင်းထဲ ကြက်နှုတ်သီး ကြီး ပါလာလေရာ

“ထို့ ဒါ ဒါကြီးက ဘာကြီးလဲ”

“ဟယ် ကြက်နှုတ်သီးကြီး၊ နှာ ခေါင်းမွေးတွေနဲ့”



ဒါတင်ဘယ်က မှာလဲ၊ ဒီမှာ ချထားတဲ့ အစားအသောက် တွေလည်း အဲဒီ သူတောင်းစား တွေချက်တာတဲ့





ရှပ်ပျက်ဆင်းပျက် ကြက်ကြီး ပါးစပ်ဟပြီး သေနေတာ။

ပရိဂျူဆာကြီး သည်းမခံနိုင်တော့ဘဲ

“ဟိတ် ဒါတွေက ဘာတွေလဲကွ၊ ညစ်ပတ်လှချည်လား”

သူ့စကားကို မခံနိုင်သော မင်းသားတစ်ယောက်က ထ၍

“ညစ်ပတ်ဆို တီးနေတဲ့ တီးဝိုင်းကိုက သူတောင်းစားတီးဝိုင်းတဲ့ဗျ”

“ဟာ”

“ဟင်”

“သူတောင်းစားဝိုင်းတဲ့”

“ဟုတ်ရဲ့လား၊ သူတောင်းစားဝိုင်းဆိုတာ”

မသိသေးသူပါ သိကုန်ပြီး အုန်းအုန်းကျွတ်ကျွတ် ဖြစ်ကုန်၏။ ဘုမသိ ဘမသိနှင့် မင်္ဂလာသတို့သား ဒါရိုက်တာကြီးမျက်နှာ ဖရိုဖရဲ။

“ဟုတ်ရဲ့လားကွ၊ သူတောင်းစားတီးဝိုင်းဆိုတာ”

မင်းသားကြီးတစ်ယောက်က ထမေးသည်။ ဒါကို တီးဝိုင်းထဲမှ မယ်ဒလင်ဆရာက ဘုမသိ ဘမသိနှင့်ထပြီး

“ဟုတ်ပါတယ်ညာ၊ ကျွန်တော်တို့က ရိုးရိုးသားသား တောင်းစားတဲ့ သူတောင်းစားတွေပါ၊ ပိုက်ဆံပိုရမယ်ဆိုလို့ လာတီးပေးတာပါခင်ညာ”

သူ့အဖြေကို တခြားဝိုင်းက မင်းသမီးတစ်ယောက်က ထပြီး

“ဒီအစားအသောက်တွေရော နင်တို့ချက်တာဆို”

“ဘုရားစူးရစေ့၊ ကျုပ်တို့ လက်ရာစစ်စစ်ပါဗျာ၊ ဟိုကောင် ဝဲ ဆစ်ဖုံတီးတဲ့ကောင် လက်သန်းပြုတ်ကျသွားလို့တောင် ပြန်မကောက်ဘဲ ကြိုးစားပမ်းစား ချက်ခဲ့တာပါခင်ညာ”

“ဝေါ့”



www.burmeseclassic.com

www.burmeseclassic.com



"ထွိ"

"အိ"

'မင်္ဂလာပွဲတစ်ခုလုံး တပျို့ပျို့ တအန်အန်တွေ ဖြစ်ကုန်၏။ ဒါကို သည်းမခံနိုင်သော ပရိဂျူဆာကြီးက

"ဟေ့ကောင် ဒါရိုက်တာ မင်းငါတို့ကို ဘယ်လိုအတန်းအစား မှတ်လို့လဲ"


ဒါရိုက်တာက မျက်လုံးကလယ်ကလယ်နှင့်

"ဘာ ဘာဖြစ်လို့လဲဟင်"

"ဘာဖြစ်ရမှာလဲ၊ မင်းက မင်္ဂလာပွဲဆိုပြီး ငါတို့ကို ကမ်းခြေခေါ်ပြီး သူတောင်းစားတီးဝိုင်း၊ သူတောင်းစားထမင်းချက်နဲ့ ဧည့်ခံပြီး အရှက်ခွဲတာပေါ့လေ၊ ဟေ့ကောင် မင်းကို သေတာတောင် အလုပ်မအပ်တော့ဘူးကွ မှတ်ထား"

ဆိုကာ အရှေ့က စားပွဲကြီး ဝုန်းခနဲ ဆွဲလှန်ချလိုက်သည်။ ဒါကို တကဲ့သစ်စ မင်းသားလေးကလည်း အားကျမခံ စားပွဲဆွဲလှန်ပြီး

"အေး ကျုပ်ကလည်း ခင်ဗျားနဲ့ တစ်သက်လုံး အလုပ်မလုပ်တော့ဘူး



ဘုရားစူးရစေ့၊ ကျုပ်တို့ လက်ရာစစ်စစ်ပါဗျာ၊ ဟိုကောင် ဝါးဆစ်ပုံတီးတဲ့ကောင် လက်သန်း ပြုတ်ကျသွားလို့တောင် ပြန်မကောက်ဘဲ ကြိုးစားပမ်းစား ချက်ခဲ့တာပါခင်ည





ဒါပဲ"

ဆိုကာ ပန်းကန်နှစ်ချပ် ပစ်ခွဲချလိုက်သည်။ ဒါကို သနားကြင်နာစိတ်ရှိသော မယ်ဒလင်ဆရာက

"သနားကြပါခင်ဗျာ သနားကြပါခင်ဗျ၊ ဒါရိုက်တာကြီးကို သနားကြပါ၊ သူ့ခမျာလည်း အစ်ကိုကြီးတို့ အစ်မကြီးတို့ ပေးမှကမ်းမှ စားရမယ့်ဘဝပါခင်ညာ"

သူကတော့ ဒါရိုက်တာကြီးဘက်မှ ဝင်ရောက်တောင်းပန်ခြင်း ဖြစ်သည်။ သို့သော် လုပ်သားကျနေ၍ အသံက သူတောင်းစားသံ ထွက်လာရာ မသိလျှင် ဒါရိုက်တာကြီးကပါ တောင်းစားနေသည့်ပုံ။ ဒါကို နောက်ပရိဂျူဆာတစ်ယောက်က တင်းပြီး ဇလုံနှစ်လုံး၊ ဖန်ခွက်တစ်ခွက် ပစ်ခွဲကာ

"အေး ငါကလည်း ဘယ်တော့မှ အလုပ်မပေးတော့ဘူး ဒါပဲ"

မင်းသမီးကပါ အားကျမခံ ပန်းကန်ပစ်ခွဲ၏။ ကြင်နာစိတ်ရှိသော မယ်ဒလင်ဆရာ ဝင်တောင်းပန်သံက

"သနားကြပါခင်ညာ သနားကြပါ"

သူ့အသံကြားလေ လူတွေ ပိုစိတ်ဆိုးလေမို့

"ဘာမှ သနားစရာမလိုဘူး၊ တို့ကို အရှက်ခွဲတဲ့ကောင် ကဲကွာ"

"ခွမ်း"

"အေး ငါကလည်း ဟောဒီလို"

"ဝုန်း"

အကွဲသံများကြားတော့ မယ်ဒလင်ဆရာမှာ ဒါရိုက်တာကြီးကို သနားပြီး အသံပါ ငိုသံပေါက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"သနားကြပါခင်ညာ၊ အစ်ကိုကြီးတို့ အစ်မကြီးတို့ရဲ့"

သူ့အသံကြားတော့ လူတွေ ပိုစိတ်ဆိုးပြီး

"ကဲကွာ"

"ခွမ်း"

"သနားကြပါ"

"ဝုန်း"

ဤသို့ဖြင့် မင်္ဂလာပွဲတစ်ခုလုံး ကမ်းခြေတွင် ပျံ့ကြဲကုန်၏။

ထိုတော့မှ ဒါရိုက်တာကြီးလည်း သဘောပေါက်ပြီး

"ဟင် ဒါ ဒါ ဆန်းတင်မောင်ကုမ္ပဏီက ကောင်တွေ ငါ့ကို လုပ်သွားတာ၊ ငါ့ကို ချည်ပြီးတုပ်ပြီး လုပ်သွားတာ"

စဉ်းစားရင်း ဒါရိုက်တာကြီး အသားတဆတ်ဆတ် တုန်သွား၏။

"မင်းတို့က ဒီလိုဆို ငါကလည်း ဟေ့ တပည့်တွေ"

"ဗျာ ဆရာ"

"ဟိုကောင် သုံးကောင်ကို တွေ့အောင်ရှာပြီး အရေခွံဆုတ်ပစ်"

"သနားကြပါခင်ညာ အစ်ကိုကြီးတို့ သနားမှ "

သူတောင်းစားများလည်း တောင်းပန်၍ မရတော့။

အားလုံး ကမ်းခြေပေါ်သို့ သုတ်ခြေတင်သွားကြသည်။

"ဟေ့ ဒီကောင်တွေ ထွက်စရာ ကားဂိတ်တစ်ခုပဲရှိတယ်၊ ကားဂိတ်ကို ပိတ်လိုက်ကြစမ်း"

အားလုံး ကားလမ်းမပေါ် ပြေးတက်ကြသည်။

×××



BURMESE CLASSIC .com

နေဝင်ချိန် ပင်လယ်ကြီးက လှပါ

သည်။

ထိုပင်လယ်ထဲတွင် သင်္ဘောသား

သုံးယောက် နှာခေါင်းလေးဖော်ပြီး

မျောနေပါသည်။

"တို့ ပင်လယ်ထဲ ဘယ်လောက်

ကြာဦးမှာလဲ"

"ငါတော့မသိဘူး၊ ဒီအတိုင်း

ဆက်မျောနေရင်ကောင်းမလားလို့"



www.burmeseclassic.com

www.burmeseclassic.com



"ပင်လယ်ကြီးထဲ ရောက်သွားမှာပေါ့"

"အဲဒီတော့လည်း သင်္ဘောတစ်စီးစီး တွေ့ပြီး တက်စီးရုံပေါ့ ကွာ"

"ဒါဆိုရင်တော့ ချည်ပြီးတုပ်ပြီးပဲ၊ တို့ကို မခေါ်လို့ကို မရတော့ဘူး"

"အေးကွ ဒီလိုမှန်းသိရင် ပတ်စ်ပို့ ထည့်လာပါတယ်"

နေလုံးကြီးက ပင်လယ်အောက် မငုတ်လျှိုးခင် သူတို့စကားနားထောင်ချင်ပါသေးသည်။ သို့သော် မီနိုင်တော့မည်မထင်။

ဟိုသုံးဦးက အပ္ပပင်ကင်းစွာ ပင်လယ်ထဲ စကားဖောင်ဖွဲ့၍ မျောနေကြလေတော့သည်။ ပင်လယ်ကြီးကလည်း သူ့အတွေးနှင့်သူ မျော၍ သိပ်မကြာခင် နေလုံးကြီးပါ ပင်လယ်ထဲ မျောပါသွားလေတော့သည်။

BURMESE CLASSIC .com

လေးစားစွာ ကြိုးစားလျက်
အကြည်တော်



www.burmeseclassic.com